မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကျိုင်းတုံမြို့ ရှေးဟောင်းသမိုင်းဝင် စွမ်ခမ်းစေတီတော်ကြီး နှစ်ပတ်လည်ပူဇော် သံဃာ့ဒါန ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူ

နေပြည်တော် မေ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ် (၄) ရပ်ကွက် ရှေးဟောင်းသမိုင်းဝင် စွမ်ခမ်းစေတီတော် နှစ်ပတ်လည်ပူဇော်ပွဲနှင့် သံဃာ့ဒါနစုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မေ ၁၂ ရက် နံနက် ၆ နာရီက အဆိုပါ ကျိုင်းတုံမြို့ စွမ်ခမ်းစေတီတော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ***စာမျက်နှာ ၉ ကော်လံ ၁*** ✡

နေပြည်တော် မိုးလေဝသအခြေအနေ	နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၁၈ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံတွင် သဘာဝဆေးပင်၊ ဆေးမြစ်များကို ကွန်ပျူတာစနစ်သုံး၍ ဤသို့ဓာတ်ခွဲစမ်းသပ်သည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ လှိုင်သာယာစက်မှုဇုန်မှ အောင်မြင်စွာထုတ်လုပ်ပေးနေ

တွေ့ဆုံမေးမြန်းသူ- မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၇

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု စီမံကိန်းများကို အချိတ် အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း လက်မှုနိုင်ငံမှ စက်မှုနိုင်ငံအဖြစ် ထူထောင်နိုင်ရန်အတွက် စက်မှုဇုန် ၁၈ ခုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်နိုင်ခြေရှိသည့် ဒေသများ၌ ထူထောင်ပေးခဲ့ရာ ယခုဆိုလျှင် ဖွံ့ဖြိုးရေးအသီးအပွင့်များ ခံစားနေကြရပြီဖြစ်သည်။

<u>အမြောက်အမြားပေါ်ထွန်း</u>

အထူးသဖြင့် သွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းစက်ရုံ အမြောက်အမြားပေါ်ထွန်းလာသဖြင့် ပြည်သူအများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ အခြေခံသွင်းကုန်များမှအစ လယ်ထွန်စက်၊ ဆန်စက်၊ မော်တော်ကားများကိုပါ တပ်ဆင်ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ■

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နောင်အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေ သန်း ၁၀၀အထိ ဖူလုံပိုလျှံစွာ စားသုံးနိုင်ရေး မျှော်တွေး ဆောင်ရွက်နေသော နိုင်ငံတော်၏စိုက်ပျိုးရေး မူဝါဒတစ်ရပ်ကိုလည်း ကြည်လင်ပြတ်သားစွာ ရှုမြင်နိုင်ခဲ့၊ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုနှင့် တည်ဆောက်ရန်လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ခုတို့၏ အခြေအနေကောင်း၊ အလားအလာကောင်းများကိုလည်း လေ့လာသိရှိခဲ့ရသဖြင့် အနာဂတ်နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် စိတ်အေးခဲ့ရ။

စာဖတ်သူတစ်ဦး၏ ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်(၁) ဆောင်းပါး (စာ ၁၀-၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၈ ရက်)

ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ် ခြိစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတွင် ပါဝင်ကြိုးပမ်း

ကမ္ဘာတစ်ဝန်း၌ မြေအောက်သယံဇာတဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တဖြည်းဖြည်းချင်း လျော့နည်းလာလျက်ရှိသည်။ ထို့ကြောင့် နေ့စဉ်သုံး လောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဇီဝလောင်စာ ထုတ်လုပ်ရေးဘက်ကို အာရုံစူးစိုက်လာလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ များစွာကျန်ရှိနေသေးရာ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး အခြားတစ်ဖက်တွင်လည်း ဒီဇယ်အစားထိုး ဇီဝဒီဇယ် ဖြစ်သည့် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် ကြံနှင့် ပီလောပီနံတို့မှ အီသနောထုတ်လုပ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပိုလျှံစေရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရခိုင်နှင့်တနင်္သာရီ ကမ်းလွန်ဒေသတွင် တိုးချဲ့ရှာဖွေ ထုတ်လုပ်လျက်ရှိသည်။

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့၌ ပဏာမစမ်းသပ်တွေ့ရှိချက်များအရ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ တူးဖော်ရရှိရန် အလားအလာကောင်းမွန်နေသည်။ လုပ်ကွက် A-3 ၌ ဘူမိအနေအထားများအရ နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်များ ထပ်မံတွေ့ရှိနိုင်ကြောင်း သိရသည်။

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ထုတ်လုပ်ရေးတွင်းဟောင်းများနှင့် တူးဖော်အောင်မြင်နေသည့် တွင်းသစ်များမှ နေ့စဉ် သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင်လည်း တွင်းသစ်အမှတ်(၃၂)ကို အောင်မြင်စွာ တူးဖော်နိုင်ခဲ့ပြီး သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ၅သန်းခန့် နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

မကွေးတိုင်း ပေါက်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းသစ်အမှတ်(၄၃)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၂ဒသမ၅သန်းခန့် နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိပြီး သာကြီးတောင်/စပယ် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ ရေနံစိမ်းစည်ပေါင်း ၃၆၀ကျော်ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၉ သန်းခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြိုင်မြို့နယ်ရှိ ကျောက်ခွက်/လက်ပံတို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် လက်ပံတို တွင်းအမှတ်(၆၇)အား တူးဖော်နေပြီး လက်ပံတို တွင်းအမှတ်(၃၃)တွင် ရေနံနမူနာနှင့် ဓာတုဗေဒပစ္စည်းများ ရောစပ်ခြင်းလုပ်ငန်းများနှင့် ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်နေသည်။

အဆိုပါ ကျောက်ခွက်/ လက်ပံတို ရေနံမြေမှ နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၈၃၀ ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေရှစ်သန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။

ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးကို နည်းလမ်း ပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်ယူသုံးစွဲလျက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲသွားနိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဇီဝလောင်စာဆီ ထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် သုံးနှစ်အတွင်း ဧကငါးသိန်းစီ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စွမ်းအင်ကဏ္ဍ၏ လောင်စာဆီလိုအပ်ချက် ဖူလုံပိုလျှံစေရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဖြင့် နိုင်ငံတော်က လောင်စာဆီလိုအပ်ချက် ဖူလုံပိုလျှံစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာတွင် စွမ်းအင်ကဏ္ဍမှ တာဝန်ရှိသူများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကလည်း ဇီဝလောင်စာဆီ ထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၈–၅–၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၉။ မျိုးချစ်တပ်မတော်
၅:၂၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း–၄၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း–၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တွင်းလမ်းများ ကတ္တရာကွန်ကရစ် လမ်းသားတင်ခင်းကျင်း ကျောက်ချောကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်အတွင်း ယာဉ်များလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လှိုင်မြို့နယ် ပါရမီလမ်းမှ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအထိ လမ်းအရှည် ပေ၃၆၀၀ရှိ မင်းဓမ္မလမ်းအား ကတ္တရာ ကွန်ကရစ် လမ်းသားတင် ခင်းကျင်းနေမှုကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဂေါက်ကွင်း အဝင်လမ်းမှ ခရေပင်လမ်းအထိ လမ်းအရှည် ပေ၆၁၀၀ရှိ ပြည်လမ်းအား ကတ္တရာကွန်ကရစ် လမ်းသားတင်ခင်းကျင်းနေမှုကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ခံ အင်ဂျင်နီယာများက လိုက်လံ ရှင်းလင်းပြသကြသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ထန်းတပင်မြို့နယ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ထန်းတပင်မြို့အဝင်လမ်းအထိ မြေသားကျောက်ခင်းလမ်းအား ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်လျက်ရှိသော လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကံညွန့်က ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်မှ ထန်းတပင်မြို့အဝင်လမ်းအထိ လမ်းအရှည် ပေ၁၆၅၀၀၊ အကျယ်၁၂ပေရှိ မြေသားကျောက်ခင်းလမ်းအား အကျယ်၁၄ပေ တိုးချဲ့ဖောက်လုပ်မှု၊ ကျောက်ချောကတ္တရာလမ်း ၂၀၉၂ပေ၊ ကျောက်စီခင်းလမ်း ပေ၇၅၀ ဆောင်ရွက်ပြီးစီးမှုနှင့် ကုန်ကြမ်းပစ္စည်းများ စုဆောင်းရရှိမှုများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယမြို့တော်ဝန်က မိုးရာသီကာလ မရောက်မီ လုပ်ငန်းများပြီးစီးရန် ဆောင်ရွက်၍ စံချိန်စံညွှန်းပြည့်မီရေး၊ အလေအလွင့်မရှိရန် စနစ်တကျဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၄ (ဒီ) လောင်းဝစ္စလမ်း ရွှေတောင်ကြား(၂) ဗဟန်းမြို့နယ်နေ ကိုတင်အောင်ခိုင်–မအေးစန္ဒာ၊ သမီး အိမ့်မြတ်နိုးခိုင်၊ သား ဘုန်းပြည့်စုံခိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ပုညာရာမမိုးကုတ်ရိပ်သာ ၁၅ရက် တရားစခန်း

ရန်ကုန် မေ ၁၇

သာကေတမြို့နယ် အမှတ်(၉) ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ (ဗဟုဇနဟိတဓရ)အရှင်သူမြတ်က မေ ၂၄ရက်မှ ဇွန် ၇ရက်အထိ ၁၅ရက် တရားစခန်းကျင်းပ၍ သစ္စာလေးပါးနှင့် ပဋိစ္စသမုပ္ပာဒ် တရားတော်များ ဟောကြား ပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများသည် မေ ၂၃ရက် ညနေအရောက် လာရောက်ကြရန်နှင့် ရိပ်သာဖုန်း– ၅၄၇၄၅၁သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေး ပညာပေးဟောပြောပွဲကို မေ ၁၅ ရက်က သိမ်ဖြူ မီးရထား ရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာဒေါ်သင်းသင်းအေး ဟောပြောစဉ်။ (၂၅၉)

စာပေ အနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာမူပိုင်ခွင့်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် စာပေ အနုပညာမူပိုင်ခွင့်များဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ခ် ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

ဒုတိယနေ့ နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ အနုပညာအစည်းအရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲကို နံနက်၉နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် ဦးမောင်မောင်လတ်(မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ)၊ ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)၊ ဦးရဲခွေး(မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ) တို့က ဆောင်ရွက်ကြပြီး Copyright and Related Rights in the Publishing Industry ကဏ္ဍတွင် ပါဝင်သည့် "The Role of Reproduction Rights Organizations, Important Issues Relating to the Collection and Distribution of Royalties" ခေါင်းစဉ်ဖြင့် Mr. Paul Wee, Singapore , CLASS ကလည်းကောင်း၊ Copyright and Related Rights in the Music and Film Industry ကဏ္ဍတွင်ပါဝင်သည့် "The Structure and Dynamics of the Music Industry " ခေါင်းစဉ်ဖြင့် Mr. Jiro Imamura. (Director, RIAJ) ကလည်းကောင်း၊ "Copyright and Related Rights in the Film, Music, Theatrical and Photographic Works Industry" ခေါင်းစဉ်ဖြင့် ဒေါ်နွဲ့ယဉ်ဝင်း (မြန်မာနိုင်ငံဂီတအစည်းအရုံး)နှင့် ဦးအောင်စိုးဦး(ဒါရိုက်တာ အဖွဲ့ဝင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)တို့က စာတမ်းများ ဖတ်ကြားတင်ပြကြသည်။

စာတမ်းများဖတ်ကြား

ထို့နောက် The Role of Collective Management Organization in the Field of Music and Film ခေါင်းစဉ်ဖြင့် Mr. Jorgen Blomquvist, Director , WIPO က လည်းကောင်း စာတမ်းများ ဖတ်ကြားသည်။

ယင်းနောက် စာပေ အနုပညာမူပိုင်ခွင့်များဆိုင်ရာနှင့် ရုပ်ရှင်၊ ဂီတဆိုင်ရာ မူပိုင်ခွင့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများကို အုပ်စုနှစ်စုခွဲ၍ အတည်ပြုနိုင်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

အတည်ပြု

ထို့နောက် ပညာရှင်များနှင့် စာတမ်းရှင်များ၊ တက်ရောက်သူများပါဝင်သော စုံညီညှိနှိုင်း အစည်းအဝေး၌ နှီးနှောဖလှယ်ပွဲ၏ အစီရင်ခံစာကို ဦးမျိုးသန့်(မောင်ဆုရှင်)ခေါင်းဆောင်ညှိနှိုင်း၍ အတည်ပြုကြသည်။

ဂုဏ်ပြုနှုတ်ဆက်

ညနေပိုင်းတွင် နှီးနှောဖလှယ်ပွဲပြီးဆုံးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကျေးဇူးတင်ကြောင်း ဂုဏ်ပြုနှုတ်ဆက် အမှာစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ညစာတည်ခင်း

ညပိုင်းတွင် ကန်တော်ကြီး ကရဝိက်နန်းတော်၌ ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီနာယကမှ ဦးသိန်းထွန်းက နှီးနှောဖလှယ်ပွဲတက်ရောက်သူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးတင်ဦးလွင်အား ပူးတွဲခန့်အပ်

ရန်ကုန် မေ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်အား မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲ ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဆေးရုံသုံးပစ္စည်းကိရိယာများလှူဒါန်း

ရန်ကုန် မေ ၁၇

သီတဂူဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)(Ph.D)က ဆေးရုံသုံးပစ္စည်းများလိုအပ်နေသော မန္တလေးတိုင်းအတွင်းရှိ တကောင်းဆေးရုံ၊ ပဲခူးတိုင်းအတွင်းရှိ ညောင်လေးပင်ဆေးရုံ၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်အတွင်းရှိ အမာဆေးရုံနှင့် ကဒုံကနိဆေးရုံ၊ ကျုံပျော်မြို့နယ်ရှိ အင်းရဲဆေးရုံ၊ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ လမိုင်းဆေးရုံ၊ ခေါဇာဆေးရုံ၊ ဒူးယားဆေးရုံ စုစုပေါင်း တိုက်နယ်ဆေးရုံ ရှစ်ရုံသို့ ကျပ်သိန်းငါးရာတန်ဖိုးရှိ ပစ္စည်းအမျိုးပေါင်း၂၅မျိုးပါ ဆေးရုံသုံးပစ္စည်း ကိရိယာများ လှူဒါန်းသည့်အခမ်းအနားကို မေ၁၆ရက် နံနက်၉နာရီက ကန်တော်ကြီး အပန်းဖြေစခန်းတွင် ကျင်းပရာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သံဃာတော်၁၈ပါးကြွရောက်ကြပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ညွန့်၊ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း၊ ဧရာဝတီတိုင်း ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ် **(အပေါ်ပုံ)**၊ လက်ခံရယူမည့် ဆေးရုံများမှ တာဝန်ခံဆရာဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊သီတဂူသာသနာပြုအဖွဲ့ဝင်လူကြီးများနှင့် ဧည့်ပရိသတ်များတက်ရောက်ကြသည်။

မိန့်ကြား

အခမ်းအနားကို သီတဂူအဓိဋ္ဌာန်ဖြင့် စတင်ဖွင့်လှစ်ပြီး သီတဂူဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆရာတော်က ဆေးရုံသုံး ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းမိန့်ကြားသည်။ သီတဂူ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဦးလှမြင့်က အလှူပစ္စည်းစာရင်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ သီတဂူ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဦးလှမြင့်က သီတဂူဆရာတော်၏ လုပ်ငန်းကြီးလေးရပ် အကြောင်း ရှင်းလင်းတင်ပြသည်။ သီတဂူဆရာတော်က နိဂုံးချုပ်ဩဝါဒမိန့်ကြား၍ ရေစက်ချအမျှပေးဝေသည်။ ယင်းနောက် ကန်တော်ကြီး အပန်းဖြေစခန်းပိုင်ရှင်များက ဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၁၈-၅-၂၀၀၆ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ ပမ္မဝတီတံတား(မြင်းကဆိပ်)
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သတ္တဗေဒ အထူးပြု) [သတ္တဗေဒ]
- ၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၃၅ ၈။ **"မျှော်သူ မမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ အကပြိုင်ပွဲ
- ၁၈:၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၉)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း-၆)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်းတွင် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများက FEC ၃၀၀ ကို ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၆ (ကြာသပတေးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တေးဂီတအစီအစဉ်
- ၇:၁၀ ဝယ်ချင်စရာမျိုးစုံစွာ(၂)
- ၇:၂၀ တေးဂီတအစီအစဉ်
- ၇:၂၅ ယူးချောင်းတံတား
- ၇:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၄၅ စီးပွားဖြစ်သစ်ခွစိုက်ကြရအောင်
- ၈:၀၀ တေးဂီတအစီအစဉ်
- ၈:၀၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ဝက်သား၊အာလူး)
- ၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၃၀ မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (၂၀၀၆)
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ စားသုံးသူပြည်သူများအကျိုးပြုရန် သမဝါယမများက ဖြည့်ဆည်းစီမံ
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ သင်ယူလေ့လာ ဂီတပညာ (ကိုစိုင်း)
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်လောက်လမ်းနှိမ်နင်းပေး
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၁၅ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ပန်းအလှပြင်ဆင်ခြင်း သင်တန်း
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ Teens Star (ရဲလေးနှင့် တွေ့ဆုံခြင်း)
- ၁၁:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၅ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ရှုချင်စရာမျက်လှည့်ပဒေသာ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိုဘိုင်းလ်ဖုန်း သုံးစွဲနေသူ တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီး၌ လက်ကိုင်ဖုန်းများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ ဖုန်းသုံးစွဲရမည်ကို ကြောက်လန့်နေကြ

ဆော်ပေါလို(ဘရာဇီး) မေ ၁၇

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သောနှစ်လကျော်က အနည်းဆုံးမိုဘိုင်းလ်ဖုန်း ပေါက်ကွဲမှု ငါးကြိမ်ဖြစ်ပွားခဲ့ကြောင်း ရိုက်တာက ဖော်ပြသည်။

ဘရာဇီးနိုင်ငံ၌ အသုံးပြုနေသော လက်ကိုင်ဖုန်း ၈၉သန်းတွင် မိုတိုရိုလာမှ ထုတ်လုပ်သော ဖုန်းများဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အဆိုပါကုမ္ပဏီက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ပြောကြားသည်။

ပေါက်ကွဲ

မကြာသေးမီက ဂိုအစ်ဆပြည်နယ် ဖော်မိုဆာဒေသ၌ အသက် ၃၄နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦး မိုဘိုင်းလ်ဖုန်းပေါက်ကွဲမှုကြောင့် ပေါင်နှင့်လက်များတွင် မီးလောင်မှုခံရကြောင်း၊ သူမသည် မိုဘိုင်းလ်ဖုန်းကို ဖွင့်ထားပြီး ရင်ခွင်ထဲတွင် ထည့်ထားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်ပွား

ဧပြီလက ယင်းကဲ့သို့ဖြစ်စဉ်များ ရီအိုဒီဂျနေးရိုးနှင့် ဆော်ပေါလိုရှိ မြို့သုံးမြို့တို့၌လည်း ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

ပြောကြား

မိုတိုရိုလာကုမ္ပဏီက ပြောကြားရာတွင် လက်ကိုင်ဖုန်းပိုင်ရှင်များသည် အစစ်အမှန်ကို အသုံးပြုမှုမရှိခြင်းနှင့် အရည်အသွေးနိမ့်ဓာတ်ခဲများ အသုံးပြုခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

မလေးရှားနိုင်ငံအရှေ့ပိုင်း၌ လူ ၂၄ဦး ကာလဝမ်းရောဂါဖြစ်ပွား

ကွာလာလမ်ပူ မေ ၁၇

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာဘာပြည်နယ်တွင် ကာလဝမ်းရောဂါ ဝေဒနာခံစားနေရသော လူ ၂၄ဦးကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့၏အခြေအနေသည် ဆိုးရွားနေသည်ဟု ယူဆရကြောင်း သတင်းစာတွင် မေ ၁၃ ရက်က ဖော်ပြထားသည်။

ယင်းလူနာများသည် ဆာဘာပြည်နယ်၏မြို့တော် ကိုတာဘီနာဘာလုမြို့ အရှေ့မြောက်ဘက်ရှိ ကိုတာဘီလုဒေသရှိ ကျေးရွာ ၁၈ရွာမှဖြစ်ကြသည်။

ဖော်ပြ

၎င်းတို့ကို ကိုတာဘီလုဒေသရှိ ဆေးရုံတွင် ဆေးဝါးကုသမှုပေးနေကြောင်း၊ ယင်းရောဂါကူးစက်နေသည်ဟု သံသယရှိသူ ၇၆ဦးကိုလည်း ဆေးရုံတင်ထားကြောင်း သတင်းစာတွင် ဖော်ပြပါရှိသည်။

စေလွှတ်

ဒေသဆိုင်ရာ ကျန်းမာရေးဌာနနှင့် ဆေးရုံများမှ အာဏာပိုင်များသည် ယင်းဆေးရုံတွင် အင်အားထပ်မံဖြည့်ဆည်းရန်နှင့် ယင်းရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်နိုင်ရန်အတွက် ဆေးဖက်ဆိုင်ရာဝန်ထမ်းများကို စေလွှတ်ပေးခဲ့သည်။

ပြောကြား

အာဏာပိုင်များသည် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြသောကြောင့် ကိုတာဘီလု ဒေသဝန်းကျင်ရှိ ရွာသားများအား မစိုးရိမ်ကြရန် ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပူတောင်လေဆိပ်၌ လေယာဉ်တစ်ခင်းဘီးပေါက်

ရှန်ဟိုင်း မေ ၁၇

တရုတ်နိုင်ငံ ပူတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မေ၁၃ရက် စနေနေ့က ခရီးသည် ၂၃၂ဦးကို သယ်ဆောင်ပျံသန်းလာသော အေ ၃၄၀-၆၀၀ ခရီးသည်တင် လေယာဉ်တစ်စင်း မြေပြင်သို့ဆင်းချိန် လေယာဉ်ဘီးတာယာပေါက်ကွဲခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ လေယာဉ်ဘီးပေါက်မှုကြောင့် လေယာဉ်ပေါ်တွင် ပါရှိသည့် ခရီးသည်နှင့် အမှုထမ်းများ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပေါက်ကွဲ

အဆိုပါ လေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှ တရုတ်နိုင်ငံ ပူတောင်လေဆိပ်သို့ ပျံသန်းလာသော လေယာဉ်ဖြစ်ပြီး ပူတောင်လေဆိပ် ပြေးလမ်းပေါ်တွင် လေယာဉ်ဘီးပေါက်ခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ဘီးပေါက်မှု ဖြစ်ပွားလျှင်ဖြစ်ပွားခြင်း ကယ်ဆယ်ရေးအဖွဲ့များက လေယာဉ်ပေါ်မှ ခရီးသည်များကို ဘေးကင်းရာသို့ အလျင်အမြန် ရွှေ့ပြောင်းပေးခဲ့ရသည်။ စုံစမ်းစစ်ဆေးမှုအရ လေယာဉ်ဘီးပေါက်ခြင်းမှာ မတော်တဆဖြစ်ရပ်ကြောင့် ဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

ခရီးဆောင် ကွန်ပျူတာပီစီ မိတ်ဆက်ပြသ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆိုနီအရောင်းပြခန်းတွင် အရောင်းဝန်ထမ်းတစ်ဦး အသစ်ထုတ်လုပ်လိုက်သည့် ခရီးဆောင် ကွန်ပျူတာ ပီစီအား မေ ၁၆ရက်က မိတ်ဆက်ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူရေနီယံသန့်စင်မှုရပ်ဆိုင်းရေး ကမ်းလှမ်းချက်မှန်သမျှ အီရန်ကပယ်ချမည်ဖြစ်ကြောင်း ကြေညာ

တီဟီရန် မေ ၁၇

ဥရောပနိုင်ငံများ အဆိုပြုသည့် အီရန်၏ယူရေနီယံသန့်စင်မှုရပ်ဆိုင်းရေး မည်သည့်ကမ်းလှမ်းချက်ကိုမဆို အီရန်က ပယ်ချမည်ဖြစ်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး မော့တာကီက မေ ၁၅ ရက်က ထုတ်ဖော်ပြောကြားသည်။

အီရန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး၊ ပြင်သစ်သံအမတ်ကြီးနှင့် ဂျာမနီသံအမတ်ကြီးသုံးဦးတို့ တီဟီရန်မြို့တော်၌ တွေ့ဆုံဆွေးနွေးအပြီးတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက အထက်ပါအတိုင်း ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်ဟု အိုင်အာအင်အေ သတင်းဌာနက ကြေညာသည်။

ဤအတောအတွင်း အီရန်နိုင်ငံက သင်၏မလွှဲပြောင်းနိုင်သော အခြေခံအခွင့်အရေးကို အာမခံပြီး နျူကလီးယားအရေးကို ဖြေရှင်းရာ၌ အထောက်အကူဖြစ်စေနိုင်သော မည်သည့် အပြုသဘောဆောင်သော အဆိုပြုချက်ကိုမဆို ကြိုဆိုလက်ခံမည်ဖြစ်ပြီး ယင်းကိစ္စကိုဆွေးနွေးရန်လည်း အသင့်ရှိမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဥရောပနိုင်ငံများ၏ မည်သည့် အဆိုပြုချက်သစ်မဆို အမှန်တရားပေါ် အခြေခံပြီး ယုတ္တိရှိရန်လိုအပ်ကြောင်း ၎င်းက တိုက်တွန်းလိုက်သည်။ အမ်အင်အေ၊ဆင်ဟွာ



ကန်စစ်ရဟတ်ယာဉ်တစ်စင်း ပြောက်ကျားတို့ပစ်ချ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၇

ဘဂ္ဂဒက်မြို့တော် တောင်ဘက်တွင် မေ ၁၄ ရက်က တိုက်ပွဲဖြစ်ပွားစဉ် ပြောက်ကျားများက အမေရိကန် ရဟတ်ယာဉ်တစ်စင်းကို ပစ်ချလိုက်သဖြင့် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က မေ ၁၅ ရက်က ကြေညာသည်။

တိုက်ခိုက်

ဘဂ္ဂဒက်မြို့တော် တောင်ဘက် ၁၅ ကီလိုမီတာအကွာရှိ ယူဆီဖီယာ ကျေးရွာတွင်း တိုက်ပွဲဖြစ်ပွားခြင်းဖြစ် သည်။ ထိုဒေသမှာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်သည့် ဆွန်နီအာရပ်တို့၏ အခြေစိုက်စခန်းဖြစ်သည်။

ပစ်ချခံရ

ယူဆီဖီယာကျေးရွာတိုက်ပွဲ ဖြစ်ပွားစဉ် ရဟတ်ယာဉ်ပစ်ချခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားရခြင်းဖြစ်သည်ဟုသာ ကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ်ထည့်သွင်းဖော်ပြခြင်း မပြုပေ။

ယခုလစောစောပိုင်းကလည်း အမေရိကန်တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်း ထိုဒေသအတွင်း ပစ်ချခံရပြီး လေယာဉ်မှူးနှစ်ဦးသေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ရေလွှမ်းမိုး

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို မေ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်နျူကလီးယားပြဿနာ ဖြေရှင်းရေး အရေးတကြီးလုပ်ဆောင်ရန် ကိုဖီအာနန်တိုက်တွန်း

ဆိုးလ် မေ ၁၇

အီရန်နိုင်ငံ၏ နျူကလီးယား အကျပ်အတည်းကို အရေးတကြီးဖြေရှင်းလုပ်ဆောင်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။

ကုလအတွင်းရေးမှူးချုပ်ကိုဖီအာနန်

အားရ

သို့သော် အီရန်အစိုးရနှင့် အနောက်အုပ်စုအကြား တအုံနွေးနွေး ပြဿနာတက်လာသော ယင်းကိစ္စ ဖြေရှင်းရေးအတွက် သံတမန်နည်းဖြင့် ကြိုးပမ်းမှုများကြောင့် အားရနှစ်သိမ့်ခဲ့ရကြောင်း ကိုဖီအာနန်က ပြောကြားလိုက်သည်။

ယူရေနီယံသန့်စင်မှု ရပ်ဆိုင်း ခြင်းဖြင့် အီရန်အား နည်းပညာ၊ ကုန်သွယ်ရေးနှင့် နိုင်ငံရေးဆုလာဘ်များ တုံ့ပြန်ပေးရေးအတွက် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများသည် ဘရပ်ဆဲလ်မြို့၌ တနင်္လာနေ့က တွေ့ဆုံဆွေးနွေးသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကီမွန်းအားတွေ့ဆုံပြီး အီရန်အကျပ်အတည်းဖြေရှင်းရေး အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ အီရန်အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးရန် အမေရိကန်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြီးခဲ့သည့် ရက်သတ္တပတ်က တိုက်တွန်းလိုက်သည်။ အမေရိကန်အစိုးရက တိုက်ရိုက်ဆွေးနွေးရေး အစီအစဉ်ကို လက်မခံပေ။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်၌အမှုထမ်းခဲ့သည့် ဗြိတိန်တပ်ဖွဲ့ဝင်များ စိတ်ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့နေရ

လန်ဒန် မေ ၁၇

ဗြိတိန်တပ်ဖွဲ့ဝင်များ အီရတ်တွင် စစ်မှုထမ်းပြီးနောက် ဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့နေရကြောင်း ဗြိတိန်သတင်းစာများက မေ၁၄ရက်က ရေးသားဖော်ပြကြသည်။

အီရတ်နိုင်ငံသို့သွားရောက် အမှုထမ်းသည့် ဗြိတိန်တပ်ဖွဲ့ဝင်များအကြားတွင် စိတ်ဓာတ်ကျမှု၊ စိုးရိမ်မှုနှင့် စိတ်တွင် ဒဏ်ရာဒဏ်ချက်ဖြစ်စေသည့် ဖိစီးမှုများမှာ ၂၀၀၃ခုနှစ် မတ်လက အီရတ်ကို စစ်ကြေညာချိန်ထက် ယခုအခါ အကြီးအကျယ်တိုးပွားလာခြင်းကို အစိုးရလေ့လာ တွေ့ရှိချက်က ယခု ရက်သတ္တပတ် အတွင်း ဖော်ပြမည်ဖြစ်ကြောင်း အော့ဇားဗား သတင်းစာက ရေးသားလိုက်သည်။

သုတေသနပြု

အဆိုပါ လေ့လာတွေ့ရှိချက်နှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာနက အကုန်အကျခံပြီး လန်ဒန်မြို့ ကင်းစ်ကောလိပ်မှ ကျွမ်းကျင်သူများက သုတေသနပြုခြင်း ဖြစ်သည်။

ဗြိတိန် တပ်ဖွဲ့ဝင်များအကြားတွင် ကြိုတင်မမှန်းဆနိုင်လောက်အောင် စိတ်ဓာတ်ရေးရာ မကျန်းမာမှုကို အီရတ်က ဖန်တီးပေးခဲ့သည်ဟု လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများကို လုံလုံလောက်လောက် ပံ့ပိုးကူညီခြင်း မရှိသည့်အတွက်လည်း ကာကွယ်ရေးဝန်ကြီးဌာနကို သုတေသီများက ဝေဖန်ထားသည်။

ဖော်ပြ

စိတ်ဝေဒနာ ခံစားရသည့် ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ ကာကွယ်ရေးဝန်ကြီးဌာန၏ တရားဝင်စာရင်းထက်ပိုများသည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပင်လယ်ကွေ့ ရောဂါလက္ခဏာစုဟုခေါ်သည့် ၁၉၉၁ခုနှစ် အီရတ်စစ်ပွဲအတွင်းက ထောင်ပေါင်းများစွာသော ဗြိတိန်တပ်ဖွဲ့ဝင်များ ခံစားရ သည်ထက် စိတ်ဖိစီးမှုထက် ပိုဆိုးကြောင်း တွေ့ရသည်ဟုလည်း တွေ့ရှိချက် အစီရင်ခံစာ၌ ဖော်ပြထားသည်။

လောလောဆယ်တွင် အီရတ်နိုင်ငံတောင်ပိုင်း ပြည်နယ်လေးခုတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၈၀၀၀ခန့် တပ်စခန်းချလျက်ရှိသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်ကို ကျူးကျော်ပြီးနောက် ယခုအချိန်အထိ အီရတ်၌သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၉ဦး ရှိသွားပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယ၌ ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး ၁၈ဦး ဒဏ်ရာရ

နယူးဒေလီ မေ ၁၇

အိန္ဒိယကက်ရှ်မီးယားရှိ ဘတ်စ်ကားမှတ်တိုင်တွင် မေ ၁၃ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးကာ ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဂျမ်းမြို့ အရှေ့မြောက်ဘက် မိုင် ၁၁၀အကွာရှိ ဒိုဒါခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သတင်းပေးပို့

ပေါက်ကွဲသံသည် ကျယ်လောင်သဖြင့် အနီးရှိ အိမ်များ တုန်လှုပ်သွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ တစ်ဦးက ရိုက်တာသို့ တယ်လီဖုန်းဖြင့် သတင်းပေးပို့ခဲ့သည်။

နှစ်ဦးသည် ဆေးရုံ၌သေဆုံးသွားခဲ့ပြီး ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

လူဦးရေထိန်းချုပ်မှု ဘင်္ဂလားဒေ့ရှ်၌အောင်မြင်

ဒါကာ မေ ၁၇

လူဦးရေ ထိန်းချုပ်မှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အောင်မြင်မှုရှိပြီး ဘင်္ဂလားဒေ့ရှ်အား နိုင်ငံတကာတွင် စံပြအဖြစ် မိမိတို့ ထားရှိကြောင်းဖြင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ) အမှုဆောင်ညွှန်ကြားရေးမှူး သိုရာယာအေအိုဘိတ်က ပြောဆိုသည်။

ဘင်္ဂလားဒေ့ရှ်သို့ နှစ်ရက်ကြာလာရောက်သည့် ယူအင်အက်ဖ်ပီအေ အမှုဆောင်ညွှန်ကြားရေးမှူး သိုရာယာက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မော်ရှက်ခန်နှင့် တနင်္လာနေ့က တွေ့ဆုံစဉ် အထက်ပါအတိုင်းပြောဆိုခြင်းဖြစ်သည်။

ဤကဏ္ဍတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအောင်မြင်မှုရရှိအောင် ယူအင်အက်ဖ်အေက တက်ကြွစွာအားပေးထောက်ခံသည့်အတွက် ချီးကျူးပါကြောင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး မော်ရှတ်ခန်က တုံ့ပြန်ပြောဆိုသည်။

ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ဖြစ်သူ ဗီးစ်သိုရာယာအိုဘိတ်သည် ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ယူအင်အက်ဖ်ပီအေ အကြီးအကဲဖြစ်လာသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အလေးချိန် ၆၅ပေါင်ရှိ ကမ္ဘာ့အကြီးဆုံးကြောင်ကြီး

ကမ္ဘာ့ အကြီးဆုံး ကြောင်တစ်ကောင်ကို တွေ့ရစဉ်။(အောက်ပုံ)

ဂျာမနီနိုင်ငံ အင်ဒိုဗာမြို့တွင် ဂျာမနီအမျိုးသားကြီးတစ်ဦး မွေးမြူထားသော ကြောင်မကြီး တစ်ကောင်သည် ကိုယ်အလေးချိန် ၆၅ပေါင်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ကြောင်တစ်ကောင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



လူသားမျှော်စင်ပွဲတော်

လူသားမျှော်စင်ပွဲတော်ကို ဆင်နွှဲနေသူများအား တွေ့ရစဉ်။

(အပေါ်ပုံ)

စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ ဆန်ဂျိမ်းရင်ပြင်တွင် စပိန်ရိုးရာဓလေ့ လူသားမျှော်စင် ပွဲတော်ကျင်းပရာ လူသားမျှော်စင်ဖြစ်ရန် အဖွဲ့လိုက်ကြိုးပမ်းခဲ့ကြသည်။ ၎င်းပွဲတော်သည် ရေးနှစ်ပေါင်းများစွာကပင် စပိန်လူမျိုးတို့၏ ရိုးရာပွဲတော်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ထိုင်းပို့ကုန်များတင်ပို့မှု ပိုမိုတိုးတက်လာ

ဗန်ကောက် မေ ၁၇

ထိုင်းနိုင်ငံ၏ ငွေကြေးတန်ဖိုး တက်သော်ငြားလည်း မတ်လတွင် ပို့ကုန်များ ၈ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း ထိုင်းဘဏ်၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြသည်။

မတ်လရောက်ချိန်တွင် ထိုင်းနိုင်ငံ၏ စုစုပေါင်းကုန်ပစ္စည်းတင်ပို့ မှုသည် ဘတ်ငွေ ၄၃၄ဒသမ ၅၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ဒသမ ၄၂ ဘီလီယံ) ရှိကာ ယမန်နှစ် အလားတူကာလကထက် ၁၈ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုင်းဘတ်ငွေသည် ယခုနှစ် ပထမလေးလအကုန်တွင် ရှစ်ရာခိုင်နှုန်း တန်ဖိုးတက်လာကြောင်း ထိုင်းဗဟိုဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ မတ်လ ထုတ်ကုန်ပစ္စည်းတင်ပို့မှုမှာ ဘတ်ငွေ ၃၇၇ ဒသမ ၇၇ ဘီလီယံ(အမေရိကန်ဒေါ်လာ ၉ဒသမ၉၅ဘီလီယံ)ရှိပြီး ယမန်နှစ် အလားတူကာလကထက် ၁၆ဒသမ ၂၈ ရာခိုင်နှုန်း တိုးတက်လာသည်။

ယင်းတို့တွင် လယ်ယာလုပ်ငန်းမှ ဘတ်ငွေ ၃၂ဒသမ ၂၈ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၄၉သန်း)ရှိပြီး ငါးလုပ်ငန်းမှဘတ်ငွေ ၇ဒသမ ၁၈ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၉၄ သန်း)ရှိပြီး လယ်ယာ လုပ်ငန်းမှ ၂၈ဒသမ ၂၉ရာခိုင်နှုန်း၊ ငါးလုပ်ငန်းမှ ၂၈ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း အနည်းဆုံး ၂၄၃၉ဦးရှိလာ

ဘဂ္ဂဒက် မေ ၁၇

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် မေ ၁၄ရက် ညပိုင်းက ၎င်းတို့စီးနင်း လိုက်ပါလာသည့် မော်တော်ယာဉ်မှာ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

သေဆုံး

အီရတ်နိုင်ငံသို့ ၂၀၀၃ခုနှစ် မတ်လအတွင်းက အမေရိကန်ဦးဆောင်သည့်တပ်များ ကျူးကျော်သည့် အချိန်မှစ၍ အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုအခါ အနည်းဆုံး ၂၄၃၉ဦးရှိပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

18-5 (05).p65 1 1/16/32, 11:10 PM

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး
အလှတိုး

မိတ္ထီလာ ဖောင်တော်ဦး ကရဝိက်ဖောင်တော်တန်ဆောင်း တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၇

မိတ္ထီလာမြို့မင်းရပ်ရှိဖောင်တော်ဦးစေတီတော်၏ ကရဝိက်ဖောင်တော်တန်ဆောင်းတော်ကြီး တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ ရက်တွင် အဆိုပါတန်ဆောင်းတော်ကြီး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင် **(ဝဲပုံ)**က ကရဝိက်ဖောင်တော်တန်ဆောင်းတော်ကြီး တည်ဆောက်ရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုက တည်ဆောက်မည့်လုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

လှူဒါန်း

ထို့နောက် လေကြောင်းအတတ်သင် လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင် လေတပ်စခန်းစခန်းမှူးဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်နှင့်အဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊စက်မှု၊လက်မှုလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ စုစုပေါင်း အလှူရှင် ၉၂ဦးတို့၏ လှူဒါန်းငွေကျပ် ၆၆၀၃၅၀၀ ကိုလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဖောင်တော်ဦး ဂေါပကအဖွဲ့နာယက ဦးသံဒိုင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ ကံဦးကျောင်းတိုက်၌ မေ ၁၂ ရက်တွင် သတ္တမအကြိမ်မြောက် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ပြီးမြောက်ခြင်းအခမ်းအနားကို ယင်းကျောင်းတိုက်ရှိ ဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဟေမာဂနိုင်ကျောင်းတိုက်ဆရာတော် ဦးနန္ဒဝံသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး အဘိဓမ္မာအနုမောဒနာတရား နာယူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကိုရွတ်ပွားချီးမြှင့်တော်မူကြပြီး ဝင်းရတနာ ခရီးသွားလုပ်ငန်းမှ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်အောင်နှင့် သီရိသုဓမ္မသီဂီ ဒေါ်လှလှနွယ်တို့ကဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မေ ၆ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်တိုင်တိုင် အဘိဓမ္မာရွတ်ဖတ်ပူဇော်ကြသော သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းကြကာ အောင်မြင်မှုအဖြစ် ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။ **(သတင်းစဉ်)**

✳ **ကျောဖုံးမှ**

အကူအညီ

ဟာဝိုင်ယီရှိ ဆူနာမီကြိုတင်သတိပေးမှုဌာနအနေဖြင့်လည်း အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပြီးအကူအညီများပေးသွားမည်ဖြစ်ရာ ပြည်တွင်းဆက်သွယ်ရေးလုပ်ငန်းများဖြင့်လည်း အကူအညီပေးသွားမည်ဖြစ်သည်။

ယခုအခါ ဟာဝိုင်ယီရှိ အီဝါကမ်းခြေတွင်ရှိသော ဆူနာမီကြိုတင်သတိပေးမှုဌာန၌ ဆူနာမီကြိုတင်သတိပေးမှုကို ဖမ်းယူရာတွင် အနှောင့်အယှက်များရှိနေပြီး ကြည်လင်ပြတ်သားမှုမရှိသေးကြောင်း ပထမဆုံးအကြိမ် စမ်းသပ်မှုအရ သိရှိရသည်။

မေ ၁၆ရက်က နယူးဇီလန် မြောက်ပိုင်းတွင် ရစ်ချ်တာစကေး ၇ ဒသမ ၄ရှိ မြေငလျင်နှင့် အင်ဒိုနီးရှားကမ်းလွန်တွင် ရစ်ချ်တာစကေး ၆ ဒသမ၈ရှိ ငလျင်တစ်ခုလှုပ်ရှားသွားခဲ့သော်လည်း ဆူနာမီမဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

အင်္ဂလန်တောင်ပိုင်း၌ ရေပြဿနာကြုံတွေ့

အင်္ဂလန်တောင်ပိုင်းဒေသများတွင် ရေရှားသည့် ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း ပတ်ဝန်းကျင်ရေးရာအေဂျင်စီ၏ ကြေညာချက်အရ သိရသည်။

ထိုဒေသများရှိ ရေကုမ္ပဏီများအနေဖြင့် အဖိုးတန်သဘာဝအရင်းအမြစ်တစ်ခုဖြစ်သော ရေဖြန့်ဖြူးရေးတွင် ထိန်းသိမ်းရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ပေးရန် ပတ်ဝန်းကျင်ရေးရာအေဂျင်စီက တိုက်တွန်းနေသည်။

သို့သော် နွေရာသီတွင် ပြည်သူတစ်သန်းခန့် ရေပြဿနာနှင့် မည်သည့်အတွက် ကြုံတွေ့နေရသနည်း။

ခြိုးခြံချွေတာ

အင်္ဂလန်အရှေ့တောင်ပိုင်းတွင် မိုးခေါင်သည့်အတွက် သန်းပေါင်းများစွာသော နေအိမ်များမှာ ရေပိုက်လုံးဖြင့် ပန်းပင်များရေဖျန်းမှုမျိုး မပြုလုပ်ရန် ကဲ့သို့သော ရေသုံးစွဲမှုခြိုးခြံချွေတာရေးကို လိုက်နာနေရသည်ဆို၏။

ပျမ်းမျှ မိုးရေချိန်

အင်္ဂလန်နှင့် ဝေလနယ်ဒေသအများအပြားမှာ ဆောင်းရာသီတွင် ခြောက်သွေ့နေသည်။ အင်္ဂလန်မြောက်ပိုင်း တစ်နေရာတွင်သာမိုးရွာပြီး ပျမ်းမျှမိုးရေချိန် နီးပါးရှိသည်ဆို၏။

ယူကေနိုင်ငံ၌ လူတစ်ဦးလျှင် ပျမ်းမျှတစ်နေ့လျှင် ရေလီတာ ၁၅၀ သုံးသည်။ မစ်လင်းဒေသရှိ ပြည်သူများသာလျှင်တစ်နေ့ ရေ၁၃၉ လီတာသုံးကာ အချွေတာဆုံး ဖြစ်သည်။ လန်ဒန်မြို့သူ မြို့သားများမှာမူ ရေအဖြုန်းဆုံးဖြစ်ပြီး တစ်နေ့လျှင် လူတစ်ဦး ပျမ်းမျှလီတာ ၁၇၀ သုံးစွဲသည်။

သတိပေး

ရေမလုံလောက်လျှင် သစ်ပင်များနှင့် ငါးသတ္တဝါတို့ ဆက်လက်ရှင်သန်ရေးမှာ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးထား သည်ဆို၏။ **(ကိုးကား–အင်တာနက်)**



ဘိုဒါနစ်၏ လျှပ်စစ်ဆိုင်ရာစာအုပ် ပြည်သူ့သိပ္ပံဆိုင်ရာ အဗင်းတစ်စာပေဆုရရှိ

လျှပ်စစ်ဓာတ်အားရှာဖွေတွေ့ရှိမှုနှင့်တကွ ယင်းကြောင့် မိမိတို့ဘဝ မည်သို့ပြောင်းလဲတိုးတက်သွားကြောင်းကို အသေးစိတ်ရေးပြသည့် စာအုပ်တစ်အုပ်မှာ ယခုနှစ် ပြည်သူ့သိပ္ပံဆိုင်ရာ အဗင်းတစ်စာပေဆုဆွတ်ခူးသွားသည်။ **(အပေါ်ပုံ)**

ရေးသားပြုစု

လျှပ်စစ်အနန္တစကြဝဠာနှင့် လျှပ်စစ်ဓာတ်အားကခေတ်သစ်ကမ္ဘာကို မည်သို့တံခါးဖွင့်ပေးလိုက်သနည်း ဟူသော စာအုပ်ကို ဒေးဗစ်ဘိုဒါနစ်က ရေးသားပြုစုသည်။

ချီးမြှင့်

အဗင်းတစ်စာပေဆုရရှိသူ ဒေးဗစ်ဘိုဒါနစ်အား လန်ဒန်မြို့တော်ဝင်အသင်း ညစာစားပွဲ၌ ဆုငွေပေါင် စတာလင် ၁၀၀၀၀ တန် ချက်တစ်ခု ချီးမြှင့်လိုက်သည်။

အဗင်းတစ်ဆုကြောင့် စာအုပ်များ ပိုမိုအရောင်းရတွင်ကျယ်သွားတတ်သည်။

ရေးသား

ချီကာဂို၌မွေးဖွားပြီး ပြင်သစ်နှင့်အင်္ဂလန်တွင် အနေများသူ လူမှုသိပ္ပံကထိက မစ္စတာ ဘိုဒါနစ်သည် အိုက်စတိုင်း၏ ဘဝဖြစ်စဉ်နှင့် သူ၏ကျော်ကြားသော ညီမျှခြင်း $E=me^2$ စာအုပ်အပါအဝင် စာအုပ်သုံးလေးအုပ်ကို ရေးသားခဲ့သူဖြစ်သည်။ **(ကိုးကား–အင်တာနက်)**

ဖလော်ရီဒါပြည်နယ်မှ မိကျောင်းများအန္တရာယ်ရှိလာ

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် မိကျောင်းခေါင်းတိုများကို နေရာအနှံ့မြင်တွေ့နိုင်သည်။ သို့သော် လူကိုဒုက္ခပေးသည်မှာ ရှားရှားပါးပါးပင်ဖြစ်၏။

ပြီးခဲ့သောရက်သတ္တပတ်အတွင်းတွင် လူသေအောင်တုံ့ပြန်တိုက်ခိုက်မှုများတွေ့လာရ၍ မယုံနိုင်အောင် ဖြစ်ကြရသည်ဆို၏။

ထို့ကြောင့် ဖလော်ရီဒါပြည်နယ်သူ နယ်သားများအနေဖြင့် မိကျောင်းခေါင်းတိုများရှိသည့် ရေစပ်မသွားကြရန်၊ မိကျောင်းများခိုနေတတ်သည့် ချောင်းမြောင်းများအတွင်း ရေဆင်းမကူးကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားရသည်။

အလောင်းများ

မိကျောင်းခေါင်းတိုများကိုက်သဖြင့် သေဆုံးသည့်လက္ခဏာရှိသူ အမျိုးသမီးနှစ်ဦး၏ အလောင်းများကို တနင်္ဂနွေနေ့က တွေ့ရသည့်အတွက်ဖြစ်သည်။

ယခင်တစ်နေ့ကလည်း ယိုဗီဆွာရက်ဂျိမင်နက်အား သတ်ဖြတ်သည့် မိကျောင်းကို မိကျောင်းထောင်ဖမ်းသူများက တွေ့လိုက်သည်ဟု သိရသည်။

ကောင်ရေတစ်သန်းခန့်

ဖလော်ရီဒါပြည်နယ်သူနယ်သားများသည် မိကျောင်းခေါင်းတိုများနှင့် ပူးပူးကပ်ကပ်နေထိုင်လာကြသူများဖြစ်သည်။ ပြည်နယ်အတွင်းတွင် မိကျောင်းခေါင်းတို အကောင်ရေတစ်သန်းခန့်ရှိသည်ဟု ခန့်မှန်းရသည်။ သူတို့ကို ရန်မမူလျှင် ရန်တုံ့ပြန်မှုမပြုတတ်ကြဟုသိရသည်။

အမှန်စင်စစ် မိကျောင်းခေါင်းတိုများကို လူတွေကြောက်သည်ထက်၊ လူတွေကို မိကျောင်းခေါင်းတိုများက ပိုမိုကြောက်တတ်ကြသည်ဆို၏။

ရှင်းပြ

ဖြစ်နိုင်သည်က လူတွေကတားမြစ်ထားသည့်ကြားမှပင် မိကျောင်းများကို အစာကျွေးသဖြင့် မိကျောင်းခေါင်းတိုများက လူကိုသိပ်မကြောက်တော့သည့် လက္ခဏာရှိပြီး၊ လူသည် ၎င်းတို့အတွက် အစာရေစာရရာရကြောင်း ဖြစ်လာသည်ဟု ကျွမ်းကျင်သူတစ်ဦးက ရှင်းပြသည်။

ဖလော်ရီဒါပြည်နယ်မှ လူတို့သတိထားလာရသည့် မိကျောင်းခေါင်းတိုများမှာ အထီးက ၁၃ ပေမှ ၁၄ ပေအထိ ရှည်လျားပြီး မိကျောင်းအမမှာမူ အရှည်ပေ ၁၀ အောက်သာရှိသည်။ **(ကိုးကား–အင်တာနက်)**

FAME ဆေးဝါးစက်ရုံတွင် ဆေးတောင့်များထုတ်လုပ်ရေးစက်၌ ဝန်ထမ်းတစ်ဦး ဆေးတောင့်ထုတ်လုပ်စဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

လှိုင်သာယာစက်မှုဇုန်၌ စက်ရုံအလုပ်ရုံများအသီးသီးပေါ်ထွန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိ

■ ရှေ့ဖုံးမှ

ထိုကဲ့သို့ စက်မှုလုပ်ငန်းများ တိုးတက်မှုအရှိန်အဟုန်ရလာပြီဖြစ်သော စက်မှုလုပ်ငန်းတိုးတက်မှု အခြေအနေများကို အများပြည်သူများအား အသိပေး တင်ပြနိုင်ရန် မြန်မာ့အလင်း သတင်းအဖွဲ့ လှိုင်သာယာစက်မှုဇုန်သို့ သွားရောက်ခဲ့သည်။

အလုပ်အကိုင်အခွင့်အလမ်း

ရှေးဦးစွာ လှိုင်သာယာစက်မှုမြို့ ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ စက်မှုဇုန်စီမံခန့်ခွဲရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားရာတွင် စက်မှုကဏ္ဍမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လည်းကောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးပွားရရှိစေရန်လည်းကောင်း၊ ဒေသစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း စသော ရည်ရွယ်ချက်များဖြင့် လှိုင်သာယာစက်မှုဇုန်ကို လှိုင်မြစ်အနီး ရန်ကုန်–ပုသိမ် ကားလမ်းမကြီးဘေးတွင် ၁၉၉၅ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း ဦးစွာ ပဏာမ ရှင်းလင်းပြောကြားသည်။

စက်ရုံပေါင်း

ယခုအခါ လှိုင်သာယာ စက်မှုဇုန်တွင် လည်ပတ်စက်ရုံပေါင်း ၄၆၅ရုံ ရှိကြောင်း၊ တည်ဆောက်ဆဲ စက်ရုံပေါင်း ၁၅၀ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လှိုင်သာယာစက်မှုဇုန်တွင်လုပ်ငန်းအမျိုးအစားအလိုက် လည်ပတ်လျက်ရှိသော စက်ရုံများမှာ အထည်ချုပ်စက်ရုံ ၄၄ရုံ၊ စားသောက်ကုန် ၆၁ရုံ၊ လူသုံးကုန် ပစ္စည်းစက်ရုံ ၈၉ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းစက်ရုံ ၄၁ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ ရှစ်ရုံ၊ သစ်တောထွက်ပစ္စည်း စက်ရုံ ၂၁ရုံ၊ ဓာတုဗေဒ ပစ္စည်းစက်ရုံ ၁၅ရုံ၊ စက္ကူနှင့် စာရေးကိရိယာ ပစ္စည်းစက်ရုံ ၁၄ရုံ၊ စက်နှင့်စက်ပစ္စည်းစက်ရုံ ၂၁ရုံ၊ ရေထွက်ပစ္စည်းနှင့် အအေးခန်းစက်ရုံ ၁၆ရုံ၊ ပဲသန့်စင်ဂိုဒေါင် ၁၃၂လုံးနှင့် မော်တော်ကား စက်ရုံသုံးရုံ ရှိကြောင်း သိရသည်။

ထိုကဲ့သို့ စက်ရုံများ တစ်အုပ်တစ်မ ပေါ်ထွန်းလာသဖြင့် ဒေသနေပြည်သူ ၃၆၅၆၇ ဦးအား အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့သည်။ ထိုသို့ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာသဖြင့် ဒေသနေပြည်သူများ လူမှုဘဝ တိုးတက်လာခဲ့သည်။

လုပ်ငန်းခွင်

နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုကြောင့် ယခုအခါ အဆိုပါ စက်မှုဇုန်များမှ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်လေးရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော ဦးတည်ချက်နှင့်အညီ အခြေခံစိုက်ပျိုးရေးလုပ်ငန်းသုံးပိုက်အမျိုးမျိုး၊ မြို့ပြကျေးလက်သောက်သုံးရေရရှိရေး လုပ်ငန်းသုံး ပိုက်အမျိုးမျိုးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပိုက်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးနေသော ပန်းလှိုင်ဂေါက်ကွင်းအနီးရှိ Tokyo Pipe စက်ရုံသို့လည်း မြန်မာ့အလင်းက သွားရောက်လေ့လာ မေးမြန်းခဲ့ပါသည်။

အဆိုပါစက်ရုံမှ UPVC ပိုက်များ၊ HDPE ပိုက်များ၊ Suction House ပိုက်များ၊ Hinet House Pipe (ပရက်ရှာသုံးကြိုးပိုက်များ)၊ Flexible Garden House Pipe (ဥယျာဉ်သုံးပိုက်များ)၊ ပလတ်စတစ် ပုလင်းအမျိုးမျိုး၊ အဖုံးအမျိုးမျိုး၊ PVC ကော်စေ့များအပြင် UPVC Fitting များကိုထုတ် လုပ်ပေးနေကြောင်း အဆိုပါ စက်ရုံမှ မန်နေဂျာဦးသန်းမြင့်က မြန်မာ့အလင်းသို့ပြောကြားသည်။

ဆေးဝါးထုတ်လုပ်ရာ၌ ဘက်တီးရီးယားပိုးမွှားများ မပါရှိရန် ဤသို့ ဓာတ်ခွဲစမ်းသပ်ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တိုကျိုပိုက်

အရည်အသွေးကောင်း သော တိုကျို ပိုက်များကို ခေတ်မီစက် ကြီး များဖြင့် ဤသို့ ထုတ်လုပ်လျက်ရှိသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

စံချိန်စံညွှန်း

ယင်းစက်ရုံမှ ထွက်ရှိသောပိုက်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တိုင်းတာထုတ်လုပ်ထားသဖြင့် ခိုင်ခံ့မှုကောင်းမွန်ပြီး လူကြိုက်များလာနေကြောင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ရန် ကြိုးစားနေကြောင်း သိရသည်။

ထိုမှတစ်ဆင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် လှိုင်သာယာစက်မှုဇုန်(၃)မင်းကြီးမဟာမင်းခေါင်လမ်းနှင့် နဝဒေးလမ်းထောင့်ရှိ ခေတ်မီတိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသော FAME ဆေးဝါး ထုတ်လုပ်ရေးစက်ရုံသို့လည်း သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဆေးဝါးပစ္စည်း

အဆိုပါဆေးဝါးစက်ရုံကို ၁၉၉၉ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇန်နဝါရီလရက်တွင် သဘာဝတိုင်းရင်းဆေးအမျိုးမျိုးကို ထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချပေးနေကြောင်း၊ ယခုအခါ အဆိုပါစက်ရုံမှ တိုင်းရင်းဆေးဝါးများ၊ ပျားနှင့် ပျားထွက်ပစ္စည်းအမျိုးမျိုးနှင့် လူသုံးကုန်ဆေးဝါးပစ္စည်းများထုတ်လုပ်ခဲ့ရာ စုစုပေါင်း၄၆မျိုးထုတ်လုပ်ပေးနေကြောင်း မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်အေးက မြန်မာ့အလင်းသို့ ပြောကြားသည်။

FAME ဆေးဝါးစက်ရုံမှထုတ်လုပ်သော ဆေးဝါးများသည် အရည်အသွေးကောင်းမွန်သဖြင့် မြန်မာနိုင်ငံအပါအဝင် ဂျာမနီ၊ ပြင်သစ်၊ ဆွစ်ဇာလန်နှင့် ဟောင်ကောင်မှချီးမြှင့်ပေးအပ်သော ဆုခြောက်ဆုဆွတ်ခူးနိုင်ခဲ့သည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အရည်အသွေး သတ်မှတ်ရေးအဖွဲ့ ISO ၏ စံချိန်စံညွှန်းဆုနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းဆုများကိုပါ ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

ခေတ်မီ စက်ကိရိယာသုံး၍ ထုတ်လုပ်ထားသော ဆောက်လုပ်ရေး လုပ်ငန်းသုံး ရေပိုက်များကိုတွေ့ရစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

လူကြိုက်များ

ယခုအခါ FAME မှထုတ်လုပ်သော တိုင်းရင်းဆေးဝါးများသည် ပြည်တွင်းဈေးကွက်များတွင်လူကြိုက်များလာသည့်အပြင် ပြည်ပဈေးကွက်များကိုပါ ထိုးဖောက်အောင်မြင်နေပြီဖြစ်ကြောင်း ဦးတင်မောင်အေးက မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်လမ်းညွှန်မှုကြောင့် ပြည်သူလူထုအကျိုးပြု စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေများ၊ ဆည်မြောင်း တာတမံများနှင့် စက်ရုံအလုပ်ရုံများသည် အုံနှင့်ကျင်းနှင့် ပေါ်ပေါက်လာပြီဖြစ်ရာ လှိုင်သာယာစက်မှုဇုန်၌လည်း စက်ရုံအလုပ်ရုံများ အသီးသီး တိုးတက်ပေါ်ပေါက်လာခဲ့၍ စက်မှုကဏ္ဍမှတစ်ဆင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**



ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသော FAME ဆေးဝါးစက်ရုံမှထုတ်လုပ်သည့် ဆေးဝါးများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

The Commerce Journal အတွဲ(၆)၊ အမှတ်(၉)ဖြန့်ချိ

ရန်ကုန် မေ ၁၇

The Commerce Journal အတွဲ(၆)၊ အမှတ်(၉)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် တရုတ်နယ်စပ်တွင် ဖရဲသီးနှင့် သခွားမွေးအရောင်းသွက်၊ မြန်မာ့ပရဆေးပင်နဲ့ဆီးသီး၊ ဆီးဆံငါန်းဖွန်းမြို့နယ်တွင် သီးသန့်စိုက်ပြီး ပြည်ပသို့တင်ပို့၊ အိန္ဒိယဈေးကွက်တွင် မြန်မာ မတ်ပဲဈေးကောင်း၊ တရုတ်ကြွေထည် မြေထည်ကို ယှဉ်ပြိုင်ဖို့ အာဆီယံနိုင်ငံများကြိုးပမ်း၊ အိန္ဒိယ–မြန်မာကုန်သွယ်မှုတိုးမြှင့်၊ မြန်မာ့မြက်ဖျာများ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့၊ သတိပြုရမည့် နေ့စဉ်အာဟာရ၊ နှစ်(၆၀)ဂျပန်စီးပွားရေး၊ အောင်မြင်ချမ်းသာနည်း ၁၀၀၊ ရှရှားဖက်ရှင်၊ ကော်တလာပြောတဲ့မားကက်တင်း၊ ကမ္ဘာလုံးဆိုင်ရာတီထွင် ဆန်းသစ်မှုကွန်ရက်၊ အော်ဂဲနစ် နို့ကင်ဆာရောဂါဖြစ်ပွားမှုကာကွယ်၊ မြန်မာ့အုန်းသီးဈေးကွက်၊ GDP အယူအဆသစ်၊ ချိုငါးချောင်းနဲ့သိုးကလေး၊ ကပ်ခွာတွေနဲ့ အလုပ်ရှုပ်နေတဲ့ ကုန်တိုက်အရောင်းစာရေးမများ စသည့် သတင်းများအပြင်၊ မောင်စူးစမ်း၊ အောင်သင်း၊ မောင်ဆုရှင်၊ ကြည်မင်း၊ မောင်တိုင်ပင်၊ ကြည်ရွှန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ ကျွန်းသား ငမန်းတို့ ၏ဆောင်းပါးများ၊ နယ်စပ်စခန်းအလိုက် ပို့ကုန်သွင်းကုန်ဇယား၊ ဆရာ စံဇာဏီဘို၏ အမည်ဟောကိန်း၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူတစ်ဦးထံမှ သွေး ၄၅၀ မီလီမီတာသာထုတ်ယူ၍ သွေးပမာဏသည် ၇၂ နာရီအတွင်း ပြန်ပြည့်သွားမည်ဖြစ်

● ကျော်ဖုံးမှ

သွေးလှူဒါန်းမှုနှင့် ပတ်သက်၍ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်က "သွေးလှူချင်တဲ့ ဆန္ဒရှိတာ ကောင်းမွန်တဲ့အရာပါပဲ။ ဒါပေမယ့် သွေးလှူတဲ့သူဟာ ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမယ်၊ ကိုယ်လှူလိုက်တဲ့ သွေးကြောင့် လူနာကို အန္တရာယ်မဖြစ်စေတဲ့ အနေအထားရှိရမယ်။ ဒီအချက်နှစ်ချက်က အရေးကြီးပါတယ်"ဟု ပထမဦးစွာ ပြောကြားသည်။

အမျိုးသားသွေးဌာနသို့ ရှိုင်းဟုတ် ကုမ္ပဏီ၏ စုပေါင်းသွေးလှူဒါန်းပွဲတွင် ရှိုင်းဟုတ်ကုမ္ပဏီ မေတ္တာမွန်အဖွဲ့၏ အတွင်းရေးမှူး ဦးအောင်သန်း။ (ဓာတ်ပုံ–သိန်းဝင်းလေး)

သွေးလှူဒါန်းသူများ၏ ကျန်းမာရေးနှင့် လှူလိုက်သည့်သွေးကြောင့် အန္တရာယ်ဖြစ်မဖြစ်ဆိုသောအချက်များကို သိရှိရန်ဆောင်ရွက်မှုနှင့်ပတ်သက်၍လည်း "၂၀၀၃ခုနှစ် ဇွန်လက စပြီး သွေးလှူလူတွေကို မိမိဘာသာတာဝန်ယူ စိစစ်ဖြေကြားနိုင်တဲ့ မေးခွန်းလွှာစာရွက်စနစ်ကို အသုံးပြုခဲ့ကြောင်း၊ မေးခွန်းလွှာ၌ ယခင်သွေးလှူဒါန်းခြင်း ရှိမရှိ၊ ကျန်းမာရေးအခြေအနေ၊ ရောဂါဖြစ်ပွားခဲ့မှု၊ ဆေးဝါးသောက်သုံးခဲ့မှုနှင့် ခွဲစိတ်ကုသခံရမှု စသည့်အချက်များအပြင် အမျိုးသမီးများအတွက် ခြောက်လအတွင်း မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်ဝန်ရှိနေခြင်း၊ ကလေးနို့တိုက်နေခြင်းနှင့် ခင်ပွန်း၏ အလုပ်အကိုင် စသည့်အချက်များကို သွေးလှူမည့်သူများသေချာစွာ ဖတ်ရှုဖြေဆိုခိုင်းပြီး သက်ဆိုင်ရာဆရာဝန်၏ ခွင့်ပြုချက်ဖြင့် သွေးလှူဒါန်းစေခြင်း ဖြစ်ကြောင်း"ဒေါက်တာဒေါ်သီတာအောင်ကမြန်မာ့အလင်းသို့ရှင်းပြသည်။

ထိရောက်သောဆောင်ရွက်ချက်

သွေးလှူရှင်ကစေတနာဖြင့်လှူဒါန်းလိုက်သော်လည်း မိမိ၏ မသန့်ရှင်းသောသွေးကြောင့် လူနာအတွက် ထိခိုက်မှု မရှိစေရန် အထူးသတိထားဆောင်ရွက်လျက်ရှိရာ သွေးလှူရှင်အတွက်လည်း ကောင်းမွန်၊ သွေးသွင်းကုသခံရမည့် လူနာအတွက်လည်း အန္တရာယ်ကင်းသော သွေးရယူမှုဖြစ်သဖြင့် ထိရောက်သော ဆောင်ရွက်ချက်တစ်ရပ်ပင်ဖြစ်သည်။

ရှိုင်းဟုတ်ကုမ္ပဏီ၏ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပါဝင်သွေးလှူဒါန်းသည့် ဒေါ်နန်းစိုးစိုးလှက ကိုယ့်သွေးကို အမြဲသန့်ရှင်းအောင် ဂရုစိုက်ခဲ့ပါတယ်၊ ဒါမှ အချိန်မရွေး လှူဒါန်းလို့ရမှာပါ။ (ဓာတ်ပုံ–သိန်းဝင်းလေး)



သွေးလှူဒါန်းနေစဉ် သွေးတွင် ပါဝင်သော ကုသမှုဆိုင်ရာ သွေးပစ္စည်းများကို ခွဲထုတ်သည့်စက်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–သိန်းဝင်းလေး)

ဆင်ခြင်နေထိုင်

သန့်ရှင်းပြီး ကျန်းမာရေးအတွက် စံချိန်မီသော သွေးများ လှူဒါန်းနိုင်ရန် သွေးလှူဒါန်းမည့်သူသည် သွေးမလှူဒါန်းမီ မိမိကိုယ်တိုင် ကျန်းမာရေးကောင်းမွန်ရန် အနေအထိုင်၊ အစားအသောက်များက အစ ဆင်ခြင်နေထိုင်လျှင် ပိုမို ကောင်းမွန်ပေသည်။

သွေးလှူဒါန်းနိုင်သူအဖြစ် သာမန်အားဖြင့် သတ်မှတ်မှုနှင့် ပတ်သက်မေးမြန်းရာ"အသက် ၁၈နှစ်မှ ၅၅နှစ်အတွင်း ဖြစ်ရမယ်၊ အမျိုးသားများအတွက် ပေါင် ၁၁၀အထက်ရှိရပြီး အမျိုးသမီးများအတွက် ပေါင် ၁၀၀ အထက်ရှိရမယ်၊ လတ်တလောရောဂါဝေဒနာခံစားရမှုမရှိခြင်း စတဲ့အချက်တွေနဲ့ ပြည့်စုံရင် သွေးလှူလို့ရပါတယ်"ဟု ဒေါက်တာ သီတာအောင်က ပြောကြားသည်။

သွေးမလှူသင့်သူ

ထို့အတူ သွေးမလှူသင့်သေးသောသူများမှာ လွန်ခဲ့သော ခြောက်လအတွင်း ဆေးမင်ကြောင်ထိုးခဲ့ခြင်း၊ နားဖောက်ခဲ့ခြင်း၊ ဆေးအပ်စိုက်ခဲ့ခြင်း၊ ကိုယ်ဝန်ဆောင်မှု၊ နို့တိုက်မှုနှင့် ဓမ္မတာလာနေသည့် အချိန်များ၊ လွန်ခဲ့သောတစ်နှစ်အတွင်း ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းနှင့် သီတင်းသုံးပတ်အတွင်း ရေကျောက်၊ ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ရောဂါများဖြစ်ပွားခဲ့မှု၊ လွန်ခဲ့သောသုံးရက်အတွင်း ဆေးဝါးများ သုံးစွဲခဲ့မှုစသည့် အချက်များရှိလျှင် သွေးမလှူသင့်သေးကြောင်း သိရသည်။

ထို့အပြင် သွေးလှူဒါန်းခြင်းဖြင့် ကိုယ်အလေးချိန်တိုးလာခြင်း၊ လျော့သွားခြင်းမရှိ၊ ရောဂါကူးစက်နိုင်ခြင်းလည်းမရှိသည့်အပြင် လူတစ်ဦးထံမှ သွေး ၄၅၀မီလီမီတာသာ ထုတ်ယူသဖြင့် ထုတ်ယူလိုက်သော သွေးပမာဏသည် ၇၂နာရီအတွင်း ပြန်ပြည့်သွားမည် ဖြစ်သည်။ တစ်ဖန် ထုတ်ယူပြီးသော သွေးများကို HIV၊ အသည်းရောင် အသားဝါဘီနှင့် စီပိုးများ၊ ကာလသား ရောဂါပိုးများကို ဓာတ်ခွဲ ကျွမ်းကျင်သူများက စနစ်တကျ စစ်ဆေးပြီးမှ လက်ခံထားရှိခြင်းဖြစ်ရာ သွေးကျန်းမာရေးကောင်းမွန်သော သွေးများ လှူဒါန်းနိုင်ကြရေး ပြည်သူတို့ သိရှိရန်လည်း လိုအပ်ပေသည်။

အိုသွေး

မြန်မာနိုင်ငံတွင် အပေါများဆုံးမှာ အိုသွေးဖြစ်ပြီး ဘီ၊အေနှင့် အေဘီ အုပ်စုသွေးများ အစဉ်လိုက် နည်းပါးသွားကြောင်း၊ တစ်နေ့လျှင် သွေးလှူရှင် ၇၀ နှင့် ၇၅ ဦးအကြားရှိကြောင်း၊ ၂၀၀၄ ခုနှစ်က အသင်းအဖွဲ့များ စုပေါင်းသွေးလှူရှင်များ၊ တစ်ဦးချင်း သွေးလှူရှင်များကြောင့် တစ်နှစ်လုံး ၂၃၀၂၇ဦး ရှိကြောင်း၊ ၂၀၀၅ ခုနှစ်၌ ၂၃၆၄၇ ဦးရှိကြောင်း ဒေါက်တာသီတာအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ရှိုင်းဟုတ်ကုမ္ပဏီ၏ စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးလှူဒါန်းနေသူများအား တွေ့ရစဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး)

အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်က သွေးလှူဒါန်းသူတစ်ဦးအား သွေးပေါင် စမ်းသပ်စစ်ဆေးနေစဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး)

ရန်ကုန်တိုင်း သုံးခွမြို့မှ အကြိမ် (၆၀)မြောက် သွေးလှူရှင် ဦးသိန်းဝင်း။ (ဓာတ်ပုံ–သိန်းဝင်းလေး)

(၃၈)ကြိမ်

ထို့နောက် အမျိုးသားသွေးဌာနသို့ စုပေါင်းသွေးလာလှူဒါန်းသူများမှ ရှိုင်းဟုတ် ကုမ္ပဏီ မေတ္တာမွန်အဖွဲ့၏ အတွင်းရေးမှူး ဦးအောင်သန်းကို မေးမြန်းရာ"အခု စုပေါင်းသွေးလှူဒါန်းတဲ့သူက ၂၂၀ ရှိပါတယ်၊ လေးလတစ်ကြိမ် ပုံမှန်စုပေါင်းသွေး လှူဒါန်းနေတာ (၃၈)ကြိမ် ရှိပါပြီ၊ သွေးပုလင်းပေါင်းဆိုရင် နှစ်သောင်းကျော်လောက်ရှိပြီ ဖြစ်ပါတယ်။ ပုံမှန် မဟုတ်ဘဲ အရေးပေါ် အကူအညီလာတောင်းရင်လဲ အချိန်မရွေး လိုက်လံလှူဒါန်းပေးပါတယ်" ဟု ပြောကြားသည်။

ရှိုင်းဟုတ် ကုမ္ပဏီမှ စုပေါင်းပြီး တပျော်တပါး လာရောက်သွေးလှူဒါန်းသောသူများ၏ မြင်ကွင်းကား ပီတိဖြစ်စရာပင် ဖြစ်သည်။ စုပေါင်းသွေးလာလှူသူများမှ ဒေါ်နန်းစိုးစိုးလှအား မေးမြန်းရာ "စုစုပေါင်း သွေးလှူတာ ကိုးကြိမ်ရှိပါပြီ။ ရှိုင်းဟုတ်ကုမ္ပဏီရဲ့ စုပေါင်းသွေးလှူဒါန်းပွဲတွေနဲ့ အတူ လှူဖြစ်တာပါ။ကိုယ့်သွေးကြောင့် ကျန်းမာရေး ကောင်းသွားပါစေလို့ သွေးလှူရင်း ဆုတောင်းပေးပါတယ်။ ဒီလို အမြဲတမ်းသွေးလှူဒါန်းနိုင်အောင်လည်း ကိုယ့်သွေးကိုသန့်ရှင်းအောင် အမြဲဂရုစိုက်ခဲ့ပါတယ်"ဟု ပြောကြားသွားသည်။

"ကိုယ်လှူလိုက်တဲ့သွေးကြောင့် ကိုယ်မသိရတဲ့ဝေဒနာရှင်တစ်ဦး အသက်ချမ်းသာရသွားတာ ပီတိဖြစ်ရပါတယ်" (၆၄)ကြိမ်မြောက် သွေးလှူရှင် ဦးမျိုးမင်းအောင်။ (ဓာတ်ပုံ–သိန်းဝင်းလေး)

ခံစားမှု

ထို့နောက် မိမိစိတ်စေတနာ အလျောက် သွေးလှူဒါန်းသူ ဦးမျိုးမင်းအောင်က "မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ အခုအကြိမ်နဲ့ဆိုရင် သွေးလှူတာ (၆၄)ကြိမ်ရှိပါပြီ။ ကိုယ်လှူလိုက်တဲ့ သွေးကြောင့် ကိုယ်မသိရတဲ့ ဝေဒနာရှင် တစ်ဦး အသက်ချမ်းသာရရှိသွားတာမို့ စိတ်ထဲ ပီတိဖြစ်ရပါတယ်။ ဒီခံစားမှုက ဘာနဲ့မှ နှိုင်းပြလို့မရပါဘူး"ဟု ပြောကြားသည်။

အကြိမ် (၆၀) မြောက်

တစ်ဖန် အကြိမ် (၆၀) မြောက် သွေးလှူဒါန်းသူ ရန်ကုန်တိုင်း သုံးခွမြို့ ကြက်ခြေနီတပ်ဖွဲ့မှ တပ်ခွဲမှူး တစ်ဦးဖြစ်သူ ဦးသိန်းဝင်းကလည်း "၁၉၇၂ ခုနှစ်ကတည်းကစပြီး သွေးလှူခဲ့တာပါ။ သွေးသန့်ရရှိရေးနှင့် သွေးလှူရှင်များအား စည်းရုံးရေးတို့ကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ကိုယ့်ခန္ဓာထဲက ထုတ်ယူလိုက်တဲ့ သွေးဟာ ဝေဒနာရှင်တစ်ဦးရဲ့အသက်ကို ကယ်တင်နိုင်တာမို့ သွေးလှူနေရင်း ကြည်နူးစိတ် ဖြစ်ရပါတယ်။ နောင်လည်း ဆက်တိုက် သွေးလှူဒါန်းသွားမှာပါ"ဟု လှိုက်လှဲစွာ ပြောကြားသွားသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အန္တရာယ်ကင်းပြီး သန့်ရှင်းသော သွေးများ ရရှိရန် သွေးလှူသူများကို အသိပညာပေးရေးအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆေးရုံများတွင်လည်း သွေးဘဏ်များအသုံးပြုသည့် စနစ်အတိုင်း ဆောင်ရွက်ရန်နှင့် သွေးလှူရှင်များ မှတ်ပုံတင်မှုစနစ်ကို စနစ်တကျဆောင်ရွက်ရေးအတွက် စီမံချက် ရေးဆွဲလုပ်ဆောင်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

သွေးလှူဒါန်းခြင်းသည် လူသားတို့၏အသက်ကို ကယ်ဆယ်နိုင်ခြင်းဖြစ်ရာ သွေးလိုအပ်၍ သေခြင်းတရားကို ရင်ဆိုင်နေရသူ ဝေဒနာရှင်များအတွက် သန့်ရှင်းသော သွေးများလှူဒါန်းနိုင်ရေးအတွက် သွေးကျန်းမာရေး အသိစိတ်ရှိရှိဖြင့် မိမိသွေးများကို လှူဒါန်းလိုပါလျှင် အမျိုးသား သွေးဌာန အမှတ် ၉၇ ဗိုလ်ချုပ်အောင်ဆန်းလမ်း လသာမြို့နယ် ဖုန်း–၃၇၉၈၇၁၊ ၂၅၆၁၁၂–၃၁၊ လိုင်းခွဲ ၈၆၈/၈၆၉ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သတင်းစကားရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရှေ့ဖုံးမှ

ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

အစီအစဉ်အရ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွမ်ခမ်းစေတီတော်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူ ပူဇော်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့နှင့် ပတ်ဝန်းကျင်ရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်း စုစုပေါင်း ၃၄ကျောင်းတို့မှ သံဃာတော် ၃၇၆ပါးနှင့် သီလရှင်စာသင်တိုက်များမှ သီလရှင် ၂၈ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ကျိုင်းတုံမြို့ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်စိုးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သူနာပြုများ၏ စွမ်းဆောင်နိုင်မှုအခြေအနေများကို လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သူနာပြုအသင်းခွဲ နာယက လက်ထောက် ညွှန်ကြားရေးမှူး သူနာပြု ဒေါ်သန်းအေးက အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆုများချီးမြှင့်

ထို့နောက် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိကြသူများ၊ ထူးချွန်သူနာပြုများနှင့် သားဖွားဆရာမများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး သူနာပြုသင်တန်းသား၊ သင်တန်းသူများက သူနာပြုများ ဝတ်စားဆင်ယင်မှုကို သရုပ်ပြသကြပြီး ကရဏာအလင်း တန်းသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ဆက်လက်၍ စစ်ကိုင်းတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို တိုင်းမှူးဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလှူငွေများလှူဒါန်း

ယင်းနောက် အခမ်းအနားကို အဆိုပါအဆောက်အအုံသစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အလှူရှင်၁၉ဦးတို့က တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စုစုပေါင်းငွေကျပ် ၁၀၆၇၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး၏ဇနီးနှင့်တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူး၏ ဇနီးက တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးအပ်လှူဒါန်းသည့် မိခင်နှင့် ကလေးစောင့် ရှောက်ရေး အသင်းဝတ်စုံ ၁၀၀၀ နှင့် အမျိုးသမီးရေးရာဝတ်စုံ၁၀၀၀တို့ကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်ပြီး တိုင်းမှူး၏ဇနီးက အမှာစကားပြောကြားသည်။

အကုန်အကျခံ

အဆိုပါ စစ်ကိုင်းတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်အား ငွေကျပ် ၄၈၉ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး အလျား ၉၄ ပေ၊ အနံ ၃၆ ပေ၊ အမြင့် ၂၄ ပေရှိ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်မှ ပြည်နယ်ဒုတိယရှေ့နေချုပ် ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၇

ရှေ့နေချုပ် ဦးအေးမောင်၏ ဖိတ်ကြားချက် အရ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan ပြည်နယ် ဒုတိယရှေ့နေချုပ် Mr. Hengyang ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာသွားသည်။

နှုတ်ဆက်

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ရန်ကုန်တိုင်းတိုင်းဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့တွင် ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့် လိုက်ပါလျက် ပဲခူးမြို့သို့သွားရောက်၍ ပဲခူးရွှေမော်ဓောဘုရားကို ဖူးမြော်ပြီး ကမ္ဘောဇသာဒီနန်းတော်သို့ သွားရောက်လေ့လာသည်။ ယင်းနောက် ပဲခူးတိုင်း တိုင်းဥပဒေအရာရှိ ဦးခင်မောင်တင့်က ပဲခူးရွှေဝါထွန်းဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သန်လျင်တံတားသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကယားပြည်နယ် သူနာပြုအသင်းခွဲ
အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ်ကျင်းပ

ရန်ကုန် မေ ၁၇

ကယားပြည်နယ် မြန်မာနိုင်ငံသူနာပြုအသင်းခွဲ၏ ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနအစည်းအဝေးခန်းမတွင် မေ ၁၂ ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့်ပြည်နယ်အဖွဲ့ဝင်များ၊ ပြည်နယ်ကျန်းမာရေးလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များ၊ ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမင်းနွယ်စိုးနှင့် ဆရာဝန်များ၊ ကယားပြည်နယ် မြန်မာနိုင်ငံသူနာပြုအသင်းခွဲဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်နန်းမေညွှန့်နှင့် သူနာပြုဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမပိုင်း အခမ်းအနားအစီအစဉ်အရ ကယားပြည်နယ် မြန်မာနိုင်ငံသူနာပြုအသင်းခွဲဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး သူနာပြု ဒေါ်နန်းမေညွှန့်က အဖွင့်အမှာစကားပြောကြားပြီး သူနာပြုဦးစီးအရာရှိ ဒေါ်နော်ထူးဖိုးက သူနာပြုဆရာမများ၏ ရာထူးအဆင့်ဆင့်နှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယပိုင်း အခမ်းအနား အစီအစဉ်အရ တက်ရောက်ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် သူနာပြု ဆရာမများအား သူနာပြုဦးစီးအရာရှိ ဒေါ်ခင်ထားကြည်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ကျောဖုံးမှ

ဦးထွန်းဦးက ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အလုပ်ရုံဌာနအလိုက် အလုပ်ရုံခွဲမှူးများနှင့် အဖွဲ့များအား ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်နှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းကိုတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

လက်တွေ့ပြသ

ဆက်လက်၍ အထွေထွေမန်နေဂျာက လမ်းကူးစက်အား မောင်းနှင်ပြီး ကုန်တွဲအား အလုပ်ရုံ တစ်ဖက်မှ အခြားအလုပ်ရုံတစ်ဖက်သို့ ကူးပြောင်းပေးခြင်း လက်တွေ့သရုပ်ပြသသည်။

အဆိုပါ လမ်းကူးစက်ဟောင်းသည် ၁၉၀၅ ခုနှစ်မှ ယခုအချိန်အထိ နှစ်ပေါင်း၁၀၀ကျော်အသုံးပြုခဲ့ပြီး ခေတ်နှင့်မလျော်ညီတော့သဖြင့် ဖျက်သိမ်း၍ စက်ရုံလုပ်သားကြီးများ ကိုယ်တိုင် တစ်လတာအတွင်း တီထွင်ကြံဆမှုဖြင့် လျှပ်စစ်မော်တာအဆင့်မှ ဟိုက်ဒရောလစ်မော်တာအဆင့်သို့ အသစ်တီထွင်ဆောက်လုပ်နိုင်ခဲ့သဖြင့် အလုပ်တွင်ကျယ်ပြီး ကုန်တွဲစက်ရုံအတွက် မရှိမဖြစ်အရေးပါသော စက်ကြီးဖြစ်ကြောင်းသိရသည်။ (၂၀၉)

အမျိုးသမီးအသုံးအဆောင်အလှအပပစ္စည်းများပြုလုပ်နည်း
ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အမျိုးသမီးအသုံးအဆောင်အလှအပ ပစ္စည်းများပြုလုပ်နည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ၉ရက် မွန်းလွဲ၂နာရီက အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့နာယကများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များ၊ သင်တန်းနည်းပြဆရာများ၊သင်တန်းသူများ တက်ရောက်ကြသည်။

အမှတ်တရလက်ဆောင်ပေး

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စောရွှေက ဘော်ကြယ်ထိုး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးရေးရာတံဆိပ်ပုံတူ အမှတ်တရ လက်ဆောင်ပစ္စည်းကို တိုင်းနာယကထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းနာယကဒေါ်မာမာဝေနှင့် ဧည့်သည်တော်များက ပြခန်းအတွင်း ပြသထားသော အမျိုးသမီးအသုံးအဆောင် ပစ္စည်းများဖြစ်ကြသည့် ဘော်ကြယ်ထိုးအဝတ်အစားများ၊ အလှပန်းကြယ်သီးတပ်အင်္ကျီများ၊ ဖဲပြားပန်းပွင့်တပ် ဆံညှပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း အတွင်းမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များဖြစ်ကြသော သင်တန်းသူ ၅၃ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်တွင် ဆောက်လုပ်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်းအတွက် အမှတ် ၁၄၂ ဗားကရာလမ်း စမ်းချောင်းမြို့နယ်နေ ပါမောက္ခဒေါက်တာ ဒေါ်ခင်မျိုးလှ၊ ဒေါ်ခင်စိုးလှတို့က အလှူငွေကျပ် ၁၁၀၀၀၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရဲ ဦးကျော်မင်းနှင့် အဖွဲ့ဝင်များထံ အလှူငွေပေးအပ်စဉ်။

(က–ပ)

အင်အားပြင်းငလျင်လှုပ်

ရန်ကုန် မေ ၁၇

ယနေ့မြန်မာစံတော်ချိန်၂၂နာရီ ၀၂မိနစ်၀၇စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ အင်ဒိုနီးရှားနိုင်ငံ (နီးရဲစ်ဒေသ)ကိုဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၆ဒသမ၉အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးခံရမည့် တိုင်းရင်းသူ နှစ်ဦးအား
တာချီလိတ်မြို့၌ ဖော်ထုတ်ကယ်တင်နိုင်ခဲ့

နေပြည်တော် မေ ၁၇

တာချီလိတ်မြို့၌ ဧပြီ၈ရက်တွင် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန် လှည့်စားခေါ်ဆောင်ခြင်းခံခဲ့ရသည့် တိုင်းရင်းသူနှစ်ဦးအား တာချီလိတ်မြို့နယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့က ကယ်တင်နိုင်ခဲ့သည်။

ဖော်ထုတ်ကယ်တင်

ဖြစ်ပွားပုံမှာဆီဆိုင်မြို့နယ်နောင်ဘိုရွာနေ နန်းဖောင်း (၃၀)နှစ် (ဘ)ဦးခင်လောင်သည် ဆီဆိုင်မြို့နယ် ဝိန်းလုံရွာနေ နန်းခိုင်(၂၉)နှစ် (ဘ)ဦးဆမ်ရွက်နှင့် နန်းစမြရွာနေ နန်းကြာပွဲ (၂၉)နှစ် (ဘ)ဦးပန်တိတို့ နှစ်ဦးအား တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ချင်ပါက ရှာပေးမည်ဖြစ်ကြောင်း၊ ၎င်း၏အစ်ကိုဖြစ်သူ စိုင်းထွန်းသည် တစ်ဖက်နိုင်ငံတွင် ရှိနေ၍ အလုပ်ရှာလွယ်ကူပြီး လစာကောင်းကောင်းရမည်ဖြစ်ကြောင်း၊ အလုပ်ရှာပေးခ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀စီ ပေးရမည်ဖြစ်ပြီး လက်ငင်းငွေကျပ်၃၀၀၀၀စီ ပေးရန်နှင့် ကျန်ငွေကျပ်၂၀၀၀၀စီကို အလုပ်လုပ်ပြီးမှ ပေးချေရန် စည်းရုံးပြောဆိုခဲ့ကြောင်း၊ ထို့အပြင် တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခဲ့သည့် အကြောင်းများကိုလည်း စိတ်ဝင်စားအောင် ပြောပြခဲ့ကြောင်း၊ ထို့နောက် ဧပြီ၆ရက်တွင် လေယာဉ်ဖြင့် တာချီလိတ်မြို့သို့ ခေါ်ဆောင်၍ အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဖြတ်ကျော်လာစဉ် မသင်္ကာ၍ ခေါ်ယူစစ်မေးရာမှ လူကုန်ကူးမည့်အစီအစဉ်ကို ဖော်ထုတ် ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားခံနန်းဖောင်းအား ထိရောက်သောပြစ်ဒဏ်ချမှတ်ရေးအတွက်အမှုဖွင့် အရေးယူထားသည်။

နွေးထွေးစွာကြိုဆို

လူကုန်ကူးခံရမှုမှ ကယ်ဆယ်နိုင်ခဲ့သည့် နန်းခိုင်နှင့် နန်းကြာပွဲတို့ နှစ်ဦးအား သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုကြပြီး ကောင်းမွန်စွာစောင့်ရှောက်၍ အုပ်ထိန်းသူ မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်းမြို့၌ ငွေကျပ်သိန်း ၃၀ကျော်ဖိုးဖောက်ထွင်းမှု
တရားခံအားနှစ်ရက်အတွင်းဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

ကျောက်တန်းမြို့၌ မေ၄ရက်တွင် ငွေကျပ်သိန်း ၃၀ကျော်ဖိုး ဖောက်ထွင်းခံရမှုကို နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပျောက်ဆုံးနေ

အခင်းဖြစ်ပွားပုံမှာ ကျောက်တန်းမြို့နယ် အနောက်ပိုင်း ရပ်ကွက်နေ မစန်းစန်းဝင်း (ဘ) ဦးသန်းဝင်းသည် မေ၄ရက်နံနက်၅နာရီခွဲခန့်တွင်အိပ်ရာမှ နိုးပြီး အိမ်ရှေ့တံခါးတစ်ချပ် ပွင့်နေသည်ကို တွေ့ရ၍ စစ်ဆေးရာ ဗီရိုအတွင်းမှ ရွှေထည် ပစ္စည်းမျိုးစုံ ၂၇မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ်၃၂၇၅၀၀၀ ခန့် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသောကြောင့် ကျောက်တန်းရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ တရားခံ မင်းသူ(ခ) အကြီးလေးအား မေ၅ရက် ညသ၀နာရီခွဲတွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဖမ်းခံရ

တရားခံ၏ ထွက်ဆိုချက်အရ ၎င်းသည် မေ၄ရက် နံနက်၃နာရီတွင် မစန်းစန်းဝင်း၏ နေအိမ်ထဲသို့ ဝင်ရောက်ခဲ့ပြီး ခွရှင်တစ်ချောင်းဖြင့် ဗီရိုအံဆွဲအပေါ်မှ အထပ်သားကို ဆွဲခွာ၍ အံဆွဲအတွင်းမှ ရွှေဘူးများကိုယူဆောင်ခဲ့ကြောင်း၊ ရွှေထည်များကို ကျောက်တန်းဈေးအတွင်း လိုက်လံရောင်းချသော်လည်း ဝယ်ယူသူမရှိ၍ မရောင်းခဲ့ရဘဲ ပစ္စည်းအချို့ကိုသာ ပေါင်နှံခဲ့ရကြောင်း၊ ဈေးအတွင်း လိုက်လံရောင်းချ၊ ပေါင်နှံနေစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

စစ်ကြောဖော်ထုတ်ချက်အရ အပေါင်ခံသူဒေါ်သန်းငွေ၊ လိုက်လံပေါင်နှံပေးသူမစန်းလွင်(ခ)မကုလားမနှင့် မဝါဝါတို့အား လည်းကောင်း၊ တရားခံမင်းသူ(ခ) အကြီးလေးအား လည်းကောင်းထိရောက်သောပြစ်ဒဏ်ချမှတ်ရေး အမှုဖွင့်အရေးယူထားသည်။

အမှုမှသိမ်းဆည်းရရှိသော သက်သေခံရွှေထည်ပစ္စည်းများကို မေ၉ရက်တွင် ပိုင်ရှင်ဖြစ်သူ မစန်းစန်းဝင်းထံ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီးမျိုးသန်းက ပြန်လည်ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း၊ တရားခံအားနှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ် (၁)

စာဖတ်သူတစ်ဦး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်တွင် ရှင်းလင်းပြောကြားစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

စာရေးသူတို့ ပြည်တွင်းစာနယ်ဇင်းသမားများသည် နိုင်ငံတော်ကကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲများသို့ ၂၀၀၅ခုနှစ်မှစတင်၍ တက်ရောက် သတင်းယူခွင့် ရရှိခဲ့ကြသည်။ ၂၀၀၆ ခုနှစ်တွင် သတင်းစာရှင်းလင်းပွဲများကို သတင်းဖြစ်စဉ်ဖြစ်ရပ်များနှင့် ဆက်စပ်နေသည့် ပြည်နယ်/တိုင်းများတွင် ကျင်းပလာခဲ့ရာ နိုင်ငံတော်၏ ပကတိအခြေအနေများကိုပါ ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်အဖြစ် ရှုမြင်လေ့လာနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ကျင်းပသော သတင်းစာရှင်းလင်းပွဲများတွင် မူဆယ်မြို့အထိ သွားရောက် လေ့လာခွင့်ရခဲ့ကြသည်။ အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတက်ရောက်ရင်း ကျိုင်းတုံဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ကြရသည်။ ယခုတစ်ဖန် မေလ ၁၂ရက်နှင့် ၁၃ ရက်နေ့တို့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ ပဲခူးတိုင်းအတွင်းသို့ လေ့လာရေးခရီး တစ်ခေါက် ရောက်ရှိခဲ့ပြန်သည်။

ယခုလေ့လာရေးခရီးစဉ်မှာ KNU သောင်းကျန်းသူတို့နှင့် ပတ်သက်နေသော လေ့လာရေးခရီးစဉ်ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ နယ်စပ်ဒေသအချို့မှအပ နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလာခဲ့သဖြင့် အများပြည်သူများနည်းတူ စာရေးသူတို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေခြင်း စသည့်သတင်းများသည် နိုင်ငံနှင့်ပြည်သူတို့အတွက် စိတ်ချမ်းမြေ့ဖွယ်ရာ မင်္ဂလာသတင်းများပင်ဖြစ်သည်။

၂၀၀၂ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရနှင့် KNU တို့ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့်သတင်းများကို ကြားသိလာရသည်။ နိုင်ငံတော်ကို အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုသော နိုင်ငံသားတိုင်းကလည်း ငြိမ်းချမ်းရေးတည်ဆောက်မှု အောင်မြင်ဖြစ်မြောက်စေလိုကြသည်။ ထို့ကြောင့်ပင် သတင်းစာရှင်းလင်းပွဲတိုင်းလိုလို၌ သတင်းစာဆရာကြီးတစ်ဦးက နိုင်ငံတော်အစိုးရနှင့် KNU တို့၏ ငြိမ်းချမ်းရေး တည်ဆောက်ရန် ဆောင်ရွက် နေမှုအခြေအနေကို မေးမြန်းမှုပြုခဲ့ပါသည်။ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း ထိုသို့မေးတိုင်း KNU နှင့် ဆက်သွယ်မှုရှိနေဆဲဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်လှစ်ထားကြောင်း ဖြေကြားခဲ့သည်ကို သတိပြုမိခဲ့သည်။

ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေး အဖွဲ့များ စေလွှတ်၍ အကြမ်းဖက်အဖျက်လုပ်ရပ် ကျူးလွန်နေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည့်အခါတိုင်း KNU နှင့် ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်း ပြောခဲ့သည်များကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ သို့ရာတွင် သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆)တွင်မူ KNU တို့၏ ပဲခူး၊ တောင်ငူဒေသတစ်ဝိုက်၌ မိုင်းထောင် ဖောက်ခွဲမှုများ၊ ထိုဒေသရှိ ရထားလမ်း၊ ကားလမ်းများပေါ်၌ ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးနိုင်သည်အထိ ပေါက်ကွဲအားပြင်းသည့်မိုင်းများဖောက်ခွဲရန် အားထုတ် လုပ်ဆောင်မှုများကို သက်သေသာဓကများနှင့်တကွ ရှင်းပြသည့်အခါကျမှသာ KNUတို့၏ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ရပ်များကို သိရှိခဲ့ရသည်။

ထိုအခါ တစ်ချိန်တုန်းက ရန်ကုန်-မန္တလေး ရထားလမ်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းများတွင် KNUတို့ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့မှုကြောင့် တိုင်းရင်းသားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးခဲ့ရသည့် သတင်းဖြစ်ရပ်များကို ပြန်လည်အမှတ်ရလာခဲ့သည်။ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆)တွင် ရှင်းလင်းဖော်ပြခဲ့သည့် ၂၀၀၆ ခုနှစ် တောင်ငူဘူတာမြောက်ဘက် ဖောက်ခွဲမှု၊ ဖေဖော်ဝါရီလ ၇ ရက် ကညွတ်ကွင်းနှင့် တောကျွဲအင်းဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ ဖေဖော်ဝါရီလ ၁၆ရက် ရေတာရှည်နှင့် ကျွန်းကုန်းဘူတာအကြား ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှု၊ မတ်လ ၁၉ရက် ကျွန်းကုန်းအနီး မိုင်တိုင်(၁၇၆/၂၂)တစ်ဝိုက် ရထားလမ်းအား ဖောက်ခွဲရန် မိုင်းထောင်မှုတို့ကိုသာ လုံခြုံရေးတပ်ဖွဲ့များနှင့် တာဝန်သိပြည်သူများက အချိန်မီရှာဖွေတွေ့ရှိ ရှင်းလင်းဖယ်ရှားမှု မပြုနိုင်ပါက ခရီးသွားပြည်သူများ ကြောက်ခမန်းလိလိ အန္တရာယ်ဆိုးနှင့် ပက်ပင်းတိုးကြရမည် ဖြစ်ပါသည်။

KNU အနေဖြင့် အဘယ့်ကြောင့် အတိတ်က လုပ်နည်းလုပ်ဟန်များကို ပြန်လည်ကျင့်သုံးတာလဲ ဟူ၍လည်း စဉ်းစားသုံးသပ်နေမိသည်။ ဤသို့သာ KNUတို့ ဇွတ်တိုး၍လုပ်ဆောင်နေပါက တပ်မတော်ကလည်း ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ မလွှဲသာမရှောင်သာ ပြုလုပ်ရတော့မည်ဟူ၍လည်း တွေးနေမိပါသည်။ ထိုကာလမှာပင် တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ပဲခူးတိုင်း တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းမှ ဒေသခံတိုင်းရင်းသား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

၁၂၁၁သမ၅ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၅ ထုတ်လုပ်နိုင်မည့် ရဲနွယ်ရေအားလျှပ်စစ်စက်ရုံအား တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များ စေလွှတ်၍ အကြမ်းဖက် အဖျက်လုပ်ရပ် ကျူးလွန်နေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည့်အခါတိုင်း KNU နှင့်ပတ်သက်၍ ထိန်းထိန်းသိမ်းသိမ်း ပြောခဲ့သည်များကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ သို့ရာတွင် သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၆) တွင်မူ KNU တို့၏ ပဲခူး၊ တောင်ငူဒေသတစ်ဝိုက်၌ မိုင်းထောင် ဖောက်ခွဲမှုများ၊ ထိုဒေသရှိ ရထားလမ်း၊ ကားလမ်းများပေါ်၌ ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီး နိုင်သည်အထိ ပေါက်ကွဲ အားပြင်းသည့် မိုင်းများဖောက်ခွဲရန် အားထုတ် လုပ်ဆောင်မှုများကို သက်သေ သာဓကများနှင့် တကွ ရှင်းပြသည့်အခါကျမှသာ KNU တို့၏ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လုပ်ရပ်များကို သိရှိခဲ့ရ။

နှမိုးနီးယားရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ Highlight on Avian Influenza ဟောပြောပွဲကို မေ ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၅ ရက်က မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ လေဆိပ်လမ်းနှင့် ဥက္ကလာ လမ်းတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (က–ပ)

မိခင်ကြီး ဒေါ်တင်တင် (၄)နှစ်ပြည့်အားရည်စူး၍ ကြခင်းမြို့နေ ဦးစိုးမြင့်–ဒေါ်လှလှဌေး မိသားစုက နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို မေ ၁၆ ရက်က မိုးကုတ် ဆွမ်းစား ဆောင်၌ကျင်းပရာ ပါဠိဌာနမှ ပါမောက္ခဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ထေရိန္ဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သီတဂူရေအေလှူတရားပွဲ ရက်ရွှေ့

ရန်ကုန် မေ ၁၇

ပုဇွန်တောင်မြို့နယ် လယ်တီစံ သာသနာ့ရိပ်သာတွင် မေ ၁၈ ရက်ညတွင် သပိတ်အိုင် သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt)၏ တရားပွဲကျင်းပမည့်အစား မေ ၂၇ ရက် (စနေနေ့) ည ၇ နာရီသို့ ပြောင်းရွှေ့ ဟောကြားမည်ဖြစ်သည်ဟု သိရသည်။ **(၃၅၂)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

၁၀၀၀၀ခန့် ထွက်ပြေး တိမ်းရှောင်နေရကြောင်း၊ ၁၈၀၀ခန့် နယ်စပ်ဒုက္ခသည်စခန်းသို့ ရောက်ရှိလာကြကြောင်း ပြည်ပအသံလွှင့်ဌာနအချို့နှင့် KNU တို့ အတိုင်အဖောက်လုပ် လွှင့်ထုတ်မှုများကိုလည်း ကြားသိခဲ့ရသည်။ ထိုအခါ သို့လော သို့လော တွေးတောရင်းဖြင့် ပဲခူးတိုင်း၊ တောင်ငူနှင့် ညောင်လေးပင် ဒေသ၏ လက်ရှိအခြေအနေကို သိလိုမြင်လိုစိတ် ဖြစ်ခဲ့သည်။

မေလ ၁၂ ရက်နှင့် ၁၃ ရက်တွင် လိုက်ပါခဲ့ရသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ ပဲခူးတိုင်းအတွင်း လေ့လာရေးခရီးစဉ်က ထိုဒေသအတွင်းမှ ဖြစ်ရပ်မှန်၊ အခြေအနေမှန်များကို စာရေးသူတို့ကို သာမက သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ ပြည်သူလူထုကို လည်းကောင်း၊ နိုင်ငံတကာသို့ လည်းကောင်း မြင်တွေ့ကြားသိစေခဲ့ပြီ ဖြစ်ပါသည်။ စာရေးသူတို့ လေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် ရန်ကုန်–မန္တလေး ကားလမ်းတစ်လျှောက် ခရီးထွက်ခွာခဲ့ကြရာ လမ်းဘေးဝဲယာတွင် နွေစပါးစိုက်ခင်းများဖြင့် စိမ်းစိုနေသည်ကို တွေ့ရှိခဲ့ကြရသည်။ ရဲနွယ် ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကိုလည်း ဝင်ရောက်လေ့လာခဲ့ကြသည်။

တစ်နိုင်ငံလုံးတွင် (၁၇)နှစ်တာကာလအတွင်း အသစ်ထပ်မံ တည်ဆောက်ပေးခဲ့သော ဆည်တမံ ၁၈၅ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ခု၏ အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ အသစ်ထပ်မံတည်ဆောက်ပေးထားသော ရေအားလျှပ်စစ်စီမံကိန်း ၃၀နှင့် အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းကိုးခု၏ အကျိုးသက်ရောက်မှုကို လည်းကောင်း ရဲနွယ်နှင့် ခပေါင်း ဘက်စုံစီမံကိန်းများကို ကြည့်ရှုလေ့လာရခြင်းဖြင့် မှန်းမျှော်ပုံဖော်တွက်ဆ၍ ရခဲ့ပါသည်။ ဤဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ အကျိုးပြုမှုကြောင့် နှစ်စဉ် စပါးတင်း သန်း ၁၀၀၀ကျော် စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ပြည်တွင်းဝမ်းစာ ဖူလုံရုံသာမက ပိုလျှံနေခြင်းဖြစ်ပါတကား။ ဤရေအားလျှပ်စစ် စီမံကိန်းများဖြင့် မြင့်မားလာသော လူနေမှုအဆင့်အတန်း၊ တိုးပွားလာသော စက်မှုကုန်ထုတ်လုပ်ငန်းများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လိုက်ပါဖြည့်တင်းပေးနေခြင်းဖြစ်ပါတကားဟု စဉ်းစားသုံးသပ်နိုင်ခဲ့ပါသည်။

နောင်အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀အထိ ဖူလုံပိုလျှံစွာ စားသုံးနိုင်ရေး မျှော်တွေးဆောင်ရွက်နေသော နိုင်ငံတော်၏စိုက်ပျိုးရေးမူဝါဒတစ်ရပ်ကိုလည်း ကြည်လင်ပြတ်သားစွာ ရှုမြင်နိုင်ခဲ့ပါသည်။ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုနှင့် တည်ဆောက်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ခုတို့၏ အခြေအနေကောင်း၊ အလားအလာကောင်းများကိုလည်း လေ့လာသိရှိခဲ့ရသဖြင့် အနာဂတ်နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ အတွက် စိတ်အေးခဲ့ရပြန်သည်။

ဆွာလယ်ယာမြေသို့ ရောက်ရှိလေ့လာရသောအခါ ပဲခူးတိုင်း၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ အားရစဖွယ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၈၈ခုနှစ်က ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးမြေဧရိယာမှာ ဧကသိန်း ၂၀ သာသာရှိခဲ့ရာမှ ယခုနှစ်တွင် ဧကသိန်း ၃၀ ကျော်အထိ တိုးမြှင့်စိုက်ပျိုးနိုင်ပြီဖြစ်၍ ဆန်ဖူလုံမှု ၂၃၇ရာခိုင်နှုန်း ရှိနေပေပြီ။ ဧရာဝတီတိုင်းသည် အောက်မြန်မာပြည်၏ စပါးကျီ၊ စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီ၊ ပဲခူးတိုင်းသည် တစ်ပြည်လုံး၏ အရန်စပါးကျီအဖြစ် တည်ရှိနေပြီဖြစ်၍ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာအခြေအနေမှာ မိမိ၏ ပြည်တွင်းအားဖြင့် ခိုင်မာစွာ ရပ်တည်နိုင်နေကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ဒေသခံ တောင်သူ လယ်သမားကြီးတစ်ဦးက ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် လယ်ယာသုံးစက်ကိရိယာများ တိုးမြှင့် သုံးစွဲနေနိုင်ပုံ၊ ဝင်ငွေကောင်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ ခေတ်ပေါ်လူသုံးကုန်ပစ္စည်းများကို သုံးစွဲနေနိုင်ပုံတို့ကို အားပါးတရ ပြောပြ၍ တောင်သူလယ်သမားကြီးနှင့် ထပ်တူထပ်မျှ ဝမ်းသာခဲ့ကြရသည်။

ယင်းသို့ စာရေးသူတို့ လေ့လာရေးအဖွဲ့အားလုံး ဝမ်းမြောက်ဝမ်းသာ မုဒိတာများဖြင့် တောင်ငူသို့ ခရီးဆက်ကြစဉ် လမ်း၌ အဖျက်မနော၏အနက်သဘောကို စောကြောနိုင်သည့် မြင်ကွင်းနှင့်လည်း ဆုံတွေ့ခဲ့ရပြန်သည်။ ပဲနွယ်ကုန်းမြို့ ခင်ကြီးကျေးရွာအနီး ရန်ကုန်–မန္တလေးကားလမ်းပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးနေသည့် မြင်ကွင်းပင် ဖြစ်ပါသည်။ နောက်ပိုင်း စုံစမ်းသိရှိရသည်မှာ တောကျွဲအင်း ကျေးရွာနေ ပျံကျလုပ်စားသူ ငဖော်ဆိုသူအား KNU အမာခံများက ချိန်ကိုက်မိုင်းတစ်လုံးကို တစ်နေရာသို့ ငွေပေးပို့ဆောင်ခိုင်း၍ စက်ဘီးနင်းပြီး သယ်ဆောင်လာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ စာရေးသူတို့ ပြည်တွင်းပြည်ပ သတင်းစာဆရာများ ရှေ့မှောက်၌ KNU တို့၏ ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်တစ်ခုကို ကိုယ်တွေ့ မျက်မြင် ရှုမြင်ဆင်ခြင် နိုင်စေခဲ့သည့်ဖြစ်ရပ်ဟု ဆိုရပါမည်။

နောက်တစ်နေ့ တောင်ငူမှ ဆက်ထွက်ရသော ခရီးစဉ်တွင် မည်သို့သောဖြစ်စဉ်များနှင့် ကြုံတွေ့ရဦးမည်လဲဟု စိုးရိမ်စိတ်ဖြစ်ပွားခဲ့မိကြောင်း ဝန်ခံလိုပါသည်။ သို့ရာတွင် အမှန်ကိုမြင်တွေ့မှ အမှန်အတိုင်း ရေးသားတင်ပြနိုင်မည်ဟူသော ခံယူမှုဖြင့် မျက်စိကိုဖွင့်၊ နားကိုစွင့်ပြီး လိုက်ပါလေ့လာခဲ့ပါသည်။ တောင်ငူမှထွက်ပြီး စစ်တောင်းမြစ်ကို ဖြတ်ကျော်ကာ ထန်းတပင်မြို့နယ်အတွင်းသို့ ရောက်ရှိခဲ့သည်။ လမ်းတစ်လျှောက်တွင် မြို့ပြများနှင့်မခြား စည်ကားသာယာနေသော ကျေးရွာကြီးများကို ဖြတ်သန်းခဲ့ရ၍ စိတ်လက်ပေါ့ပါးလာခဲ့ပါသည်။ ကျေးရွာသူ ကျေးရွာသားများက ပုံမှန်လုပ်ရှား သွားလာနေကြသည်။ ထိုနေ့မှာ အများပြည်သူရုံးပိတ်ရက် စနေနေ့ဖြစ်၍ တိုက်တိုက်ဆိုင်ဆိုင်ပင် ရွာသုံးရွာ၌ ကျင်းပနေသော ထိမ်းမြားမင်္ဂလာပွဲသုံးခုကို အသံချဲ့စက်မှ သီချင်းသံ တကြော်ကြော်၊ ဝတ်ကောင်းစားလှများဖြင့် မင်္ဂလာပွဲသို့ သွားလာနေကြပုံ တပျော်ပျော်ကို နားဆင်တွေ့မြင်ရသည်မှာ မင်္ဂလာရှိသော မြင်ကွင်းများပင် ဖြစ်ပါသည်။

လမ်းခရီးတွင် ပအိုဝ်းရွာများကိုလည်း တွေ့ခဲ့ရသည်။ ကရင်ရွာများကိုလည်း တွေ့ခဲ့ရသည်။ တောတောင်နှင့်နီးစပ်သော ဒေသများဖြစ်၍ အနိမ့်ဆုံး သစ်ကြီးဝါးကြီးများဖြင့် ဆောက်လုပ်ထားသော အိမ်များ၊ တိုက်ခံအိမ်များ၊ မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီ ယာဉ်များ၊ ရုပ်မြင်သံကြား အင်တာနာများ၊ လျှပ်စစ်ဓာတ်အား သွယ်တန်းထားသည့် ကြိုးများ စသည်ဖြင့် ကျေးလက်ဖွံ့ဖြိုးမှု မြင်ကွင်းများကိုလည်း တွေ့ရှိခဲ့ရသည်။ ရိတ်သိမ်းပြီးစ စပါးခင်းများတွင် ကျက်စားနေသော နွားအုပ်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ကြက်၊ ဝက်၊ ဘဲများ၊ ခြံဝင်း အသီးသီး၌ စိုက်ပျိုးထားသော သီးနှံပင်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ ကုန်စုံဆိုင်များ စသည်ဖြင့် မြင်တွေ့ရသောအခါ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်းမှ ဒေသခံ တိုင်းရင်းသားပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည် ဟူသော KNU နှင့် အပေါင်းပါတို့၏ မဟုတ်မဟတ် လုပ်ဇာတ်မှာ ဘူးပေါ်သလို ပေါ်သွားခဲ့ပြီဖြစ်ပါသည်။

ပဲခူးတိုင်း ထန်းတပင်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်၏အစပ်တွင် တည်ရှိသည့် သပြေညွှန့်ကျေးရွာသို့အဝင်တွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလက KNU တို့ ဝင်ရောက်မီးရှို့သွားသော ကျေးလက်တန်ဖိုးနည်းအိမ်ရာ ၁၂လုံး၏နေရာကို မြင်တွေ့ခဲ့ရသည်။ သပြေညွှန့်ကျေးရွာသည် တောင်ငူမှ မိုင် ၃၀ခန့်ဝေးပြီး ကရင်၊ပအိုဝ်း၊ ဗမာစသည့် တိုင်းရင်းသားများ စုစည်းနေထိုင်ရာ ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ အိမ်ခြေ ၂၅၈အိမ်၊ လူဦးရေ ၂၆၉၈ဦး ရှိသည်။ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ဘုရားရှိခိုးကျောင်းသုံးကျောင်းရှိပြီး အထက်တန်းကျောင်းခွဲတွင် ဆရာ ဆရာမ ၂၆ဦး၊ ကျောင်းသူ ကျောင်းသား ၆၀၀ခန့် ပညာသင်ကြားနေကြသည်။ ပုဂံခေတ် မဏိစည်သူမင်းကြီးလက်ထက်က ခေတ္တစခန်းချ ရပ်နားခဲ့ရာ တဲနန်းတော်နေရာကို အခြေပြုရွာတည်ခဲ့ပြီး တည်နေရာ အဆင့်ဆင့်ပြောင်းလဲကာ ၁၉၇၂ခုနှစ်၌ ယခုလက်ရှိနေရာသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ မဲဇဖြူ၊ မဲခွာ၊ ဆူးပုတ်အိုင်၊ အင်ကြင်းသာ၊ သပြေညွှန့် စသည့် ကျေးရွာများမှ ရေကြည်ရာမြက်နုရာ လာရောက်စုစည်း နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

KNU သောင်းကျန်းသူအဖွဲ့အတွင်းမှ အချင်းချင်း အနိုင်ကျင့်သည့်လုပ်ရပ်များ၊ ပြည်သူလူထုအပေါ်၌ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်သည့် လုပ်ရပ်များကို မလိုလားသဖြင့် အလင်းဝင်ရောက်လာခဲ့သူများကိုလည်း သပြေညွှန့်ကျေးရွာ၌ နေထိုင်လိုပါက နေထိုင် လုပ်ကိုင် စားသောက်နိုင်ရန်အတွက် နိုင်ငံတော်မှ အဘက်ဘက်က ကူညီထောက်ပံ့ပြီး နေရာချထားပေးခဲ့စဉ် KNU များက အလစ်အငိုက် ဝင်ရောက်၍ နှစ်ကြိမ်တိုင်တိုင် မီးရှို့ပစ်ခတ် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ သပြေညွှန့်ကျေးရွာမှ အရှေ့ဘက်သို့ မျှော်ကြည့်လိုက်သောအခါ အရှေ့ ရိုးမတောင်စွယ်တောင်တန်းများကို မြင်တွေ့ရသည်။ ဤနယ်မြေ ဤဒေသသည် ယခင်က အကြမ်းဖက်အဖျက်သမားများ ကင်းဝေးရာ အဖြူရောင်ဒေသဖြစ်ပါသည်။ ဤနယ်မြေ ဤဒေသသည် KNU သောင်းကျန်းသူတို့၏ အကြမ်းဖက်ခြိမ်းခြောက်မှုအောက်မှ ရုန်းထွက်လာသူတို့၏ နားခိုရာဒေသလည်း ဖြစ်ပါသည်။

ပြည်တွင်းပြည်ပသတင်းစာဆရာများက ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံမေးမြန်းရာတွင် တောင်ပေါ်၌ ရွာဟူ၍မရှိကြောင်း၊ KNU နှင့် ၎င်းတို့မိသားစုများ၊ ၎င်းတို့အမာခံများသာ အနည်းအကျဉ်းရှိကြောင်း၊ ထိုသူများကသာ မိမိတို့ရွာသူရွာသားများ တောင်ပေါ်တက်၍ အသက်မွေးဝမ်းကျောင်းလုပ်သည့်အခါ ခြိမ်းခြောက် အကျပ်ကိုင် အနိုင်ကျင့်နေကြကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများသို့ဆင်းပြီး ဆက်ကြေးကောက်၊ လူသတ်၊ မီးရှို့ လုပ်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့ရွာသူရွာသားများ မသွားရဲ မလာရဲ၊ မလုပ်ရဲ မကိုင်ရဲဖြစ်အောင် မိုင်းများ ထောင်နေကြခြင်းဖြစ်ကြောင်း၊ KNU တို့ ပြောကြားနေသည့် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်ဆိုသည်မှာ ၎င်းတို့၏ သတ်မှတ်ချက်အရသာ ပြောနေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်း၌ ညောင်လေးပင် ခရိုင်ဟူ၍လည်းမရှိကြောင်း၊ ၎င်းတို့ ဆက်ကြေး ကောက်ခံနိုင်ရန်အတွက် ၎င်းတို့ဘာသာ နယ်မြေသတ်မှတ်ထားခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားကြပါသည်။

ယင်းသို့ ပကတိဖြစ်ရပ်မှန်များနှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ဆုံမေးမြန်း သိရှိရသောအခါ "အဖြူကိုမည်သူ အနက်ဆိုးသနည်း" ဟူသော ဝတ္ထုစာအုပ်တစ်အုပ်၏အမည်ကို စာရေးသူ ပြန်လည်အမှတ်ရမိလိုက်ပါသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းသာယာသော၊ဖွံ့ဖြိုးတိုးတက်သော အဖြူရောင်နယ်မြေဒေသကို KNU အကြမ်းဖက် သောင်းကျန်းသူတို့က အနက်ဆိုးရန် လုပ်ကြံဖန်တီး နေကြပြီဖြစ်ရာ အဖြူပေါ် အနက်မလွှမ်းစေရန် တားဆီးကာကွယ်ကြရမည်မှာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ တာဝန်သာဖြစ်ကြောင်း ကိုယ်တွေ့ မျက်မြင် သုံးသပ်ဆင်ခြင်နိုင်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး သီတဂူရေအလှူတော် အထူးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ သီတဂူရေအလှူတော် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက်တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့် ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
အရှင်ဇာဂရ (ဓမ္မာစရိယ) သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၊ ကမာရွတ်မြို့နယ်	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက် ကြာသပတေးနေ့ (၁၈–၅–၂၀၀၆)
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက် သောကြာနေ့ (၁၉–၅–၂၀၀၆)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၈ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ၂၀၀၆ ခုနှစ် မေ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်	ညစဉ် ၇း၀၀ နာရီ

အာရှအမျိုးသားကလပ်အသင်းများ ဘော်လီဘောပြိုင်ပွဲ မြန်မာပါဝင်ဆင်နွှဲမည်

သတင်းမှတ်စုနှင့် ဓာတ်ပုံ — သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက မေ ၂၁ ရက်မှ ၂၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင်ကျင်းပမည့် အာရှအမျိုးသားကလပ်အသင်းများ ဘော်လီဘောပြိုင်ပွဲ ၂၀၀၆သို့ ပါဝင်ယှဉ်ပြိုင်မည့် အေးရှားဝေါလ် မြန်မာ့အမျိုးသားဘော်လီဘောကလပ်အသင်းအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် မေ ၁၄ရက် မွန်းလွဲ ၂နာရီကကျင်းပရာ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးမောင်၊ နည်းပြများ၊ ဒိုင်လူကြီးနှင့် ပြိုင်ပွဲဝင် ဘော်လီဘောအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပြိုင်ပွဲဝင် မြန်မာနိုင်ငံ ဘော်လီဘောအားကစားအဖွဲ့နှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးတိုးမောင်က ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ လက်ဆောင်ပေးအပ်သည်။

လိုက်ပါဆောင်ရွက်

မြန်မာအမျိုးသား ဘော်လီဘောအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း(အေးရှားဝေါလ်ကုမ္ပဏီလီမိတက်)က ဆောင်ရွက်မည်ဖြစ်ပြီး နည်းပြအဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးညီညီလွင်၊ လက်ထောက်နည်းပြအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးရဲမြင့်နှင့် ဒိုင်လူကြီးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြင့်ဌေးတို့က လိုက်ပါဆောင်ရွက်ကြမည် ဖြစ်သည်။

သူတို့ပါဝင်

ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားများမှာ ရိုက်ခတ်သူများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ကျော်စွာဝင်းနှင့် ကျော်ရွှေ၊ ရန်ကုန်မြို့တော်စည်ပင်မှ ရဲမင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ပြည့်ဖြိုးလှိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြိုးဝေလှိုင်တို့ဖြစ်ပြီး ပိတ်ဆို့သူများအဖြစ် ရန်ကုန်မြို့တော်စည်ပင်မှ ကျော်စိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စိုးညီလေးနှင့် ဇော်ဇော်နောင်၊ ပင့်ထောင်သူများအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ခင်မောင်တိုးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စံရွှေမောင်၊ ဆယ်မသူအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ တင်မောင်ထွေးတို့ ပါဝင်ကြသည်။ **(အောက်ပုံ)**

ဆက်လက်ယှဉ်ပြိုင်မည်

ပြိုင်ပွဲကို မေ ၂၁ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊တရုတ်၊ အီရန်၊ မြန်မာနှင့် ဘာရိန်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊အင်ဒိုနီးရှား၊ကာဇက်စတန်၊ ဂျပန်၊ ဥဇဘက်ကစ္စတန်နှင့်တရုတ်(တိုင်ပေ)အသင်းတို့ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ပထမနှင့်ဒုတိယရအသင်း နှစ်သင်းစီ ဆီမီးဖိုင်နယ် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် မေ ၂၁ရက်တွင် အီရန်အသင်းနှင့်လည်းကောင်း၊ မေ ၂၃ရက်တွင် တရုတ်အသင်းနှင့်လည်းကောင်း၊ မေ ၂၄ရက်တွင် ဘာရိန်းအသင်းနှင့်လည်းကောင်း၊ မေ ၂၅ရက်တွင် ထိုင်းအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

သူနာပြုနေ့အခမ်းအနား လားရှိုး၌ကျင်းပ

ရန်ကုန် မေ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သူနာပြုအသင်းခွဲက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အခမ်းအနားကို မေ ၁၂ရက်နံနက် ၈နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အသင်းခွဲ နာယက ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းက အမှာစကား ပြောကြားပြီး အသင်းခွဲ ဥက္ကဋ္ဌ လက်ထောက် ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်နန်းခမ်းမှတ်က အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ဆောင်ပုဒ် ဖြစ်သော“ Safe Staffing Saves Lives ပြုစု အင်အားပြည့်ဝမှ လုံခြုံစိတ်ချ ပြည်သူ့ဘဝ”အကြောင်းကို သူနာပြုအုပ် ဒေါ်ဝိုင်တီးက ဟောပြောသည်။ ဆက်လက်၍ ထူးချွန်သူနာပြုများအား ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ဂုဏ်ပြုဆုများချီးမြှင့်ရာ မျိုးဆက်ပွား ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်မှုထူးချွန်ဆုကို လားရှိုးဒေသန္တရ ကျန်းမာရေးဌာနမှ အမျိုးသမီး ကျန်းမာရေး ဆရာမ ဒေါ်နန်းခမ်းထွန်းက လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်သူထူးချွန်ဆုကို ခါးရှိကျန်းမာရေး ဌာနခွဲမှ သားဖွား ဆရာမ ဒေါ်ခင်မမသွင်ကလည်းကောင်း အသီးသီးရရှိသွားကြသည်။။

ထူးချွန်ဆု

အဆိုပါ ဆုများကို ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ အဖွဲ့၏ အထောက်အပံ့ဖြင့် မျိုးဆက်ပွားကျန်းမာရေးစီမံချက်ဝင် မြို့နယ်၁၀၀မှ လုပ်ငန်းတွင်းထူးချွန်ဆုများကို ရွေးချယ်ချီးမြှင့်ပေးခြင်းဖြစ်ရာ ကြီးကြပ်ထူးချွန်ဆု ငါးဦးနှင့် လုပ်ငန်းဆောင်ရွက်သူထူးချွန်ဆု ၁၀ဦးအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နှစ်ဦး ရရှိခဲ့ခြင်း ဖြစ်သည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဧည့်သည်တော်များသည် ပြသထားသော သူနာပြုအသင်းခွဲ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။ အဆိုပါ အခမ်းအနားသို့ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်နယ်/ခရိုင် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်၊ကျေးရွာများမှ သူနာပြုများ၊ အငြိမ်းစား သူနာပြုဆရာမကြီးများ တက်ရောက်ကြပြီး အငြိမ်းစား သူနာပြု ဆရာမကြီးများအတွက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက အလှူငွေကျပ်သုံးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မေ ၁၂ရက်က ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို သိမ်ဖြူကွင်း၌ကျင်းပရာ အသက်(၁၂)နှစ်အောက်တန်း အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရ မဇွန်၊ အသက်(၁၄)နှစ်အောက်တန်း အမျိုးသမီးပြိုင်ပွဲ ပထမဆုရ မနီလာဝင်းနှင့် အသက်(၁၂)နှစ်အောက်တန်း အမျိုးသမီးပြိုင်ပွဲ ပထမဆုရ မဝင့်သဇင်ထိုက် (ဝဲမှယာ) **တို့အား တွေ့ရစဉ်။** (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ညီနိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာစောလှထွန်းက အသင်း၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဆေးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ရှင်းလင်းဖြေကြားကြပြီး အကြံပြုဆွေးနွေးကြသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား အာရှမှ တောင်ကိုရီးယားအသင်း အနေအထား

ပြုစုရေးသားသူ
မောင်မောင်မြင့်ဆွေ



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်း နည်းပြ အက်ဗိုကက်။
(ဓာတ်ပုံ-အင်တာနက်)

ဘာလင် မေ ၁၇

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲကျင်းပရန် ရက်သတ္တပတ် သုံးပတ်ခန့်သာ လိုတော့သည်။ ကမ္ဘာ့ဘောလုံး ပရိသတ်ကြီးလည်း မိမိတို့ကြိုက်နှစ်သက်ရာ ဘောလုံး အသင်းများ၏ ပြင်ဆင်မှု အနေအထားကို မပြတ်တမ်း နားစွင့်လျက်ရှိနေသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အသင်း ၃၂ သင်းအနက်မှ အာရှဇုန်မှ ခြေစစ်ပွဲအောင် တောင်ကိုရီးယားအသင်း၏ အနေအထားကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးတို့ သိရှိစေရန် Yangon Entertainment Ltd. က ရရှိသော သတင်းအချက်အလက်များကို အခြေခံ၍ ကိုးကားဖော်ပြလိုက်ပါသည်။

တောင်ကိုရီးယားအသင်း

တောင်ကိုရီးယားဘောလုံးအသင်းသည် ၁၉၅၄ခုနှစ် ကတည်းက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သော အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပွဲသမိုင်းတွင် တောင်ကိုရီးယားတို့ အောင်မြင်မှု အမြင့်မားဆုံးမှာ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ပြီး အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာရှ၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သောအသင်းမှာ တောင်ကိုရီးယားအသင်းသာလျှင် ရှိသေးသည်။ ကြီးမြတ်သော နိုင်ငံတော်၏စစ်သည်တော်များဟု သတ်မှတ်ခြင်းခံထားရသည့် တောင်ကိုရီးယားဘောလုံးအသင်းအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌ တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲတိုင်းလိုလို ရှေ့တန်းတိုက်စစ်မှူးများက ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် စုစုပေါင်း ခုနစ်ဂိုးသာ အသွင်းခံခဲ့ရပြီး ခံစစ်ပိုင်းကောင်းမွန်သည့် အသင်းဖြစ်ကြောင်း ပြသနိုင်ခဲ့သည်။

တောင်ကိုရီးယား လက်ရွေးစင် ဘောလုံးအသင်း။
(ဓာတ်ပုံ-အင်တာနက်)



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်း၌ အားထားရမည့် ဘောလုံးသမား ပတ်ဂျီဆန် (မန်ယူ)။
(ဓာတ်ပုံ-အင်တာနက်)

နည်းပြ

တောင်ကိုရီးယားအသင်း နည်းပြမှာ အက်ဗိုကက်ဖြစ်ပြီး လေးနှစ်အတွင်း နည်းပြလေးဦးပြောင်းခဲ့သည့် တောင်ကိုရီးယားအသင်း၏ လက်ရှိ နည်းပြလည်းဖြစ်သည်။ တောင်ကိုရီးယားအသင်းကို လောလောဆယ်အချိန်တွင် ခြေစစ်ပွဲအောင်ရန် ကြိုးစားပေးခဲ့ပြီး အာရှအကောင်းဆုံးဘောလုံးသမားများနှင့် ဥရောပကလပ်များ၌ သွားရောက်ကစားနေသော ကစားသမားများနှင့် ဖွဲ့စည်းထားကာ စနစ်တကျပြင်ဆင်နေသော နည်းပြလည်း ဖြစ်သည်။

တောင်ကိုရီးယားအသင်းကို တိုက်စစ်ဦးစားပေး ဖွင့်ကစားခဲ့သည့် ၂၀၀၂ခုနှစ်ကထက် ပိုမို ကောင်းမွန်သော ရလဒ်ရရှိရန် ကြိုးစားသွားမည်ဟု နည်းပြ အက်ဗိုကက်က ပြောကြားထားသည်။

တောင်ကိုရီးယားအသင်းသည် ခန့်မှန်းရခက်သော အသင်းဖြစ်ပြီး မထင်မှတ်သောရလဒ်များကိုလည်း ဖော်ဆောင်တတ်လေ့ရှိသည့်အသင်း ဖြစ်သည်။ တောင်ကိုရီးယားအသင်းအနေဖြင့် ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကစားပုံနည်းဗျူဟာအသစ်နှင့် ခင်းကျင်းကစားမည်ဖြစ်ရာ ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲထက် မည့်သောရလဒ်ကို ဖန်တီးပြမည်ဖြစ်ကြောင်း တောင်ကိုရီးယား နည်းပြ အက်ဗိုကက်က ပြောကြားနေသည်။

စောင့်ကြည့်ရမည့်ကစားသမား

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်းကို အဓိကမောင်းနှင်မည့် ကစားသမားမှာ ပတ်ဂျီဆန်ဖြစ်သည်။ နိုင်ငံတကာ ဘောလုံးပွဲအဖြစ် ၂၀၀၀ပြည့်နှစ် ဧပြီလက လာအိုအသင်းနှင့် ကစားခဲ့ပြီး နိုင်ငံတကာပွဲပေါင်း ၅၀ ကျော် ကစားခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အဓိကကွင်းလယ် ဖန်တီးရှင်အဖြစ် တာဝန်ယူကစားခဲ့ပြီး တစ်ရှိန်ထိုး နာမည်ကျော်ခဲ့သူဖြစ်သည်။ ကွဲခိုင်မှုကောင်းပြီး ဘောလုံးကျွမ်းကျင်မှု စွမ်းရည်နှင့် စည်းကမ်းကောင်းမှုများကြောင့် လူကောင်သေးသော်လည်း အားထားရသည့် ဘောလုံးသမားတစ်ဦး ဖြစ်သည်။

တောင်ကိုရီးယား နည်းပြဟောင်း ဂုစ်ဟစ်ဒင့်က ဟော်လန်ကလပ် ပီအက်စ်ဗွီကို ခေါ်ယူကစားစေခဲ့သလို ယခုအခါ မန်ယူအသင်းကြီးတွင် ပွဲတိုင်းလိုလို ပါဝင်ကစားနေသူဖြစ်သည်။ တောင်ကိုရီးယားအသင်း ဂျာမနီမြေတွင် အောင်မြင်မှုရရှိရန် သူ၏ အထောက်အပံ့များစွာ လိုအပ်လျက်ရှိသည်။

ပွဲစဉ်များ

တောင်ကိုရီးယားအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်၌ အုပ်စု (ဆ)တွင်ပါရှိပြီး ဇွန် ၁၃ ရက်တွင် တိုဂိုအသင်း၊ ဇွန် ၁၈ ရက်တွင် ပြင်သစ်၊ ဇွန် ၂၃ ရက်တွင် ဆွစ်ဇာလန်တို့နှင့် အုပ်စုပွဲစဉ်များ ကစားရမည်ဖြစ်ရာ အာရှခြေစစ်ပွဲအောင် တောင်ကိုရီးယား အသင်းအနေဖြင့် အုပ်စုမှတက်ရန် ရေပန်းမစားသော်လည်း ၂၀၀၂ခုနှစ်က ရလဒ်ထက် သာလွန်ကောင်းမွန်သော အနေအထား ရမရကို စောင့်ကြည့် အကဲခတ်ရတော့မည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဖာဂူဆန်က ရွန်နေအတွက် စိုးရိမ်မှုရှိ

လန်ဒန် မေ ၁၇

ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ကစားရန် မရေမရာဖြစ်နေသော ရွန်နေနှင့်ပတ်သက်၍ ကွဲခိုင်မှုမရှိဘဲ အရဲစွန့်မကြိုးစားသင့်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

လာမည့်ကမ္ဘာ့ဖလားပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ဝင်ရောက်ကစားနိုင်ရန် အခြေအနေတိုးတက်မှုများ ဖြစ်ပေါ်နေကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ကစားရန် ရာခိုင်နှုန်းများနေကြောင်း ဝေဖန်သုံးသပ်ပြောကြားနေမှုများနှင့် ပတ်သက်၍ ဖာဂူဆန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကွဲခိုင်မှုမရှိဘဲ ကမ္ဘာ့ဖလားပွဲစဉ်များ၌ ဝင်ရောက်ကစားခဲ့လျှင် လာမည့် ပရီမီယာလိဂ်ရာသီတွင် မန်ယူ၌ကစားရာတွင် အခက်အခဲများရှိနိုင်ကြောင်း ဖာဂူဆန်က အမ်ယူရုပ်မြင်သံကြားနှင့် တွေ့ဆုံရာ၌ ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဒဏ်ရာသက်သာလာသော အင်္ဂလန်တိုက်စစ်မှူး ရွန်နေ။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၅-၂၀၀၆ အီတလီစီးရီးအေ ဘောလုံးရာသီပွဲစဉ်များ၌ အရှုပ်တော်ပုံများကြောင့် စုံစမ်းစစ်ဆေးမှု ခံနေရသော ဂျူဗင်တပ်စ် ကလပ်အသင်း ဘုတ်လူကြီးများဖြစ်သည့် အင်တိုနီရို (ဝဲ)၊**ဖာဘီရိုကာပယ်လို**(အလယ်) **နှင့် လူစီရာနိုမော့ဂီတို့ကို မေ ၁၅ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အမှတ်(၃)၊ သူရလမ်းနေ ဦးညီညီ–ဒေါ်မာလာတို့၏သား

ဗိုလ်ကြီးရန်နောင်
B.Sc (Chemistry)၊ တေဇ(၂၆)
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

နှင့်

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အမှတ်(၃)၊ ရွှေဝလမ်းနေ
ဦးအောင်သန်း (2/E. Hub Marine Pte Ltd. Singapore)–
ဒေါ်ကြိုင်ကြိုင်အေး(အထပြ၊ ငြိမ်း) တို့၏ သမီးကြီး

မသန္တာအေးအောင်
B.Sc (Maths)°°G.T.I (MT)
Ship Breaking (Myanmar Economic Corporation)

တို့၏ ၆–၅–၂၀၀၆ရက်(စနေနေ့)ညနေ Summit Parkview Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှအားလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးဒေါ်ဝင်းဝင်းနုတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့်ဇနီး ဒေါ်သန့်စင်မြင့် အားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဟန်စိန် [တပ်မတော်(ရေ)]နှင့်ဇနီး ဒေါ်နုနုထွေးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၆–၅–၂၀၀၆ရက် နံနက်ပိုင်း၌အလိုတော်ပြည့်ဆရာတော်ကြီးအားအမှူးထား၍ အောင်မြေဗောဓိမဏ္ဍပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့်မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ မော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း) (တရားရုံးချုပ် တရားသူကြီး၊ ငြိမ်း)အားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြသော အစ်ကို ကိုခန့်နိုင်နှင့် အစ်မ မခိုင်သင်းကြည်၊ အစ်ကို ကိုသိန်းဟန် (MD, Pole Ice Co.,Ltd.)နှင့် အစ်မ မခင်စန်းဝေတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး တေးသံရှင် ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် ဆုငယ်ညီညီ၊ မင်္ဂလာ ပန်းကုံးကိုင်ဆောင်ပေးသော ညီမငယ် ကေသီနှင့် မင်္ဂလာစိန်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမငယ် တင်ဇာညီညီ၊ သတို့သားအရံ ဗိုလ်ကြီးဇော်မျိုးနိုင်နှင့် သတို့သမီးအရံ ညီမငယ် နှင်းပပစိုးအားလည်းကောင်း၊ မိတ်ကပ်၊ဆံပင်နှင့်မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော ဆယ်ပွင့်ပန်းရတနာမှ အစ်မ မအေးသက်နှင့် မပေါက်(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ ဗီဒီယိုမှတ်တမ်းတင် အစ်ကိုဖြစ်သူ ကိုမြတ်မင်းမောင် (MYAT MEDIA GROUP) နှင့်ဓာတ်ပုံ ကိုဘိုနီတို့အားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ အောင်မြေဗောဓိမဏ္ဍပ်သာ အလိုတော်ပြည့်ကျောင်းတိုက်မှတာဝန်ရှိသူများ၊ Summit Parkview Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရန်နောင်–မသန္တာအေးအောင်။

အမည်ပြည့်စွက် ခေါ်ပါရန်

အမှတ် ၃/က၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေ အဖဦးမြင့်စိုး၏သား မောင်သန့်ထူး ၁၂/မရက(နိုင်)၁၄၀၁၃၃အား မောင်သန့်ထူး(ခ)မောင်ဉာဏ်လင်းထက်ဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်သန့်ထူး(ခ)မောင်ဉာဏ်လင်းထက်။

နာရေးကူညီမှုအသင်း(ရန်ကုန်)၏ နာရေးကူညီမှု ကိစ္စများဆောင်ရွက်ရန် တတိယအကြိမ် အလှူငွေကျပ်၁၄၁သိန်းကို တရုတ်တိုင်ပေမှ အလှူရှင် ၇၀၀၏ကိုယ်စား Mr.Liu Wei Chun က မေ၁၇ရက်နံနက်က အသင်းတည်ရှိရာ သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဖြဟ္မာဝိဟာရ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်းရှိ အသင်းခန်းမသို့ လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

သထုံအသင်း ဘုရားဖူးထွက်မည်

သထုံအသင်း(ရန်ကုန်)အနေဖြင့် ဖော်ပြပါအစီအစဉ်အတိုင်း ကျိုက္ခမီရေလယ်ဘုရားဖူးသွားမည်ဖြစ်ပါ၍ လိုက်ပါလိုသူများ ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း–၅၁၀၃၄၀နှင့် ၅၁၀၆၆၃ ထံ ၂၂–၅–၂၀၀၆ရက်နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန်။

မော်လမြိုင်အထိ ရထား၊ ၎င်းမှ ကျိုက္ခမီအထိ မော်တော်ယာဉ်ဖြင့်သွားမည် ၂၆–၅–၂၀၀၆ရက် ည ၉နာရီ ရထားဖြင့်ထွက်ပြီး ၂၈–၅–၂၀၀၆ရက် ညရထားဖြင့် ပြန်လာမည်။

အမှုဆောင်အဖွဲ့။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မွေးနေ့ အမှတ်တရ စာရေးဆရာများ သတင်းစာဆရာများအားလှူဒါန်း

ရန်ကုန် မေ ၁၇

စာရေးဆရာမကြီးဒေါ်ပတ္တမြားခင်၏ (၈၂)နှစ်ပြည့် မွေးနေ့အမှတ်တရ ဘဝတူ စာပေရေးဖော်ရေးဘက်များ လူမှုရေးနှင့်ကျန်းမာရေးအကူအညီလိုအပ်သော စာရေးဆရာများ၊ သတင်းစာဆရာများကို ဒေါ်ပတ္တမြားခင် ရန်ပုံငွေအဖွဲ့က လှူဒါန်းငွေပေးအပ်ပွဲကို မေ၁၄ရက် နံနက်၁၀နာရီတွင် တာမွေ နတ်ချောင်း မဟာသန္တိသုခကျောင်းတော်ကြီး၌ကျင်းပသည်။

စာရေးဆရာ၊ သတင်းစာဆရာများဖြစ်ကြသော ဦးပြည့်စုံ၊ ဒေါ်ခင်ဆွေဦး၊ ဦးဗမိုး၊ တွံတေးသက်ဦး၊ နီဟိန်း၊ စောမင်း(တောင်သမန်)၊ ဦးအုန်းကြိုင်(မြေနီကုန်းဖိုးလုံး)၊ သတင်းထောက်မြင့်လွင် (မြင်းခြံ)တို့ကို တစ်ဦးလျှင် ငွေကျပ် ၁၇၀၀၀၀စီကို ရန်ပုံငွေအဖွဲ့ဝင်များက ပေးအပ်ခဲ့သည်။

(က–ပ)

မွေးသက္ကရာဇ်အမှန်

အမှတ် ၁၀၂၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးအောင်ထင်ကျော်–ဒေါ်ချောခင်ခင်တို့၏သား မောင်ထက်အာကာကျော် ဆဋ္ဌမတန်း(င)(အောင်) ကျောင်းဝင်အမှတ်(၃၃၉/၉၉) လေ့ကျင့်ရေး အထက်တန်းကျောင်း(ရန်ကုန်ပညာရေးတက္ကသိုလ်)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈–၁၀–၉၄ရက် ဖြစ်ပါသည်။ **မောင်ထက်အာကာကျော်။**

မွေးသက္ကရာဇ်အမှန်

အမှတ် ၈၈၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးအောင်မြတ်ကျော်–ဒေါ်နီသွေးတို့၏သား မောင်ဇင်လင်းမြတ် ဆဋ္ဌမတန်း(င) (အောင်) ကျောင်းဝင်အမှတ်(၃၄၈/၉၉)လေ့ကျင့်ရေးအထက်တန်းကျောင်း (ရန်ကုန်ပညာရေးတက္ကသိုလ်)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁–၁၀–၉၄ရက်ဖြစ်ပါသည်။

မောင်ဇင်လင်းမြတ်။

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ တပ်ကြီးကုန်းတောင်ပိုင်း၊ အိမ်အမှတ် ၂၃၂ နေ ဦးဌေးလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

၁။ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ မြေကွက်အမှတ် ခခ–၃၊ ဦးပိုင်အမှတ်–၃၅၊ မြေဧရိယာ ၀ ဒသမ ၀၅၅၁၊ အကျယ်အဝန်း (ပေ ၄၀ X ပေ ၆၀)မြေကွက်။

၂။ မန္တလေးတိုင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ မြေကွက်အမှတ် ခခ–၃၊ ဦးပိုင်အမှတ်–၃၆၊ မြေဧရိယာ ၀ ဒသမ ၀၅၅၁၊ အကျယ်အဝန်း(ပေ ၄၀ X ပေ ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သုံးပင်၊ နှစ်ခန်း၊ သွပ်မိုး၊ လျှာထိုးပျဉ်ခင်း၊ ရေမီးစုံ နှစ်ထပ်တိုက်တစ်လုံး၊ (ပေ ၁၀ X ပေ ၂၀) အကျယ်အဝန်းရှိ ကားဂိုဒေါင်တစ်လုံး။

၃။ မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ရန်နောင်စိုးအုပ်စုရှိ မြေကွက်အမှတ် ခခ–၃၊ ဦးပိုင်အမှတ်(၄၉)၊မြေဧရိယာ ၀ ဒသမ ၀၅၅၁၊အကျယ်အဝန်း(ပေ၄၀ X ပေ၆၀)မြေကွက်။

ဖော်ပြပါ မြေကွက်များနှင့် အဆောက်အအုံတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးလွင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ တစ်နည်းနည်းဖြင့် မမှန်မကန်ဆောင်ရွက်မှုများပြုလုပ်ခြင်း စသည်တို့ကို မပြုလုပ်ရန် ကြိုတင်သတိပေးလိုက်သည်။ လိုက်နာခြင်းမရှိဘဲ သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကိုပြုလုပ်သူတို့အား သက်ဆိုင်ရာဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မြင့် (ဘီအေအာရ်အယ်လ်)
တရားရုံးချုပ်ရှေ့နေ–၄၆၃၁
အမှတ် ည/၄၉၊ နေသိဒ္ဓိလမ်း၊
ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဒေါ်သင်းသင်းခိုင် LLB, DBL. DML
အထက်တန်းရှေ့နေ
အင်းစိန်မြို့နယ်စုပေါင်းရုံး
ရှေ့နေများ နားနေခန်း၊အင်းစိန်မြို့။



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) စိုက်ပျိုးရေးမန်နေဂျာ၊ ကြီးကြပ်ရေးမှူး၊လက်ထောက်ကြီးကြပ်ရေးမှူးရာထူးများ (အမျိုးသားများသာ)
(၂) စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ စိုက်ပျိုးရေးဒီပလိုမာ၊ စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်း လက်မှတ်ရရှိသူဖြစ်ရမည်။
(၃) အသက်(၅၀)နှစ်ထက် မကြီးရ။
(၄) လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။
(၅) ဒေသမရွေးသွားရောက်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်တိုင်လက်ရေးလျှောက်လွှာ၊ ကိုယ်ရေး မှတ်တမ်းအကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့ဖြင့် အောက်ပါလိပ်စာအတိုင်း ၃၀–၅–၂၀၀၆ရက် ညနေ ၄နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

ဂရိတ်ဝေါလ်အင်တာနေရှင်နယ်ကုမ္ပဏီ
၃၁လမ်း၊ (၇၇ X ၇၈)ကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။



ရေကောင်း၊ ရေသန့်ရရှိရေး အလှူငွေပေးအပ် အမြွှာပူးမွေးဖွားသော မိခင်နှင့်ကလေးများအား ထောက်ပံ့

မန္တလေး မေ ၁၃

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ရေကောင်းရေသန့်နှင့် ယင်လုံအိမ်သာအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒက ငွေကျပ် ၂၅ သိန်း၊ ဦးအောင်ကျော်ဦးနှင့်ဇနီး ဒေါ်ဖြူဖြူလှိုင် မိသားစုက ငွေကျပ် သိန်း ၃၀၊ ဦးသူတော်(မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)က ငွေကျပ်၁၀သိန်း၊ ဦးမောင်သင်(မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်နှင့် ဝိန့်လီရွှေဆိုင်) က ငွေကျပ် ၁၀ သိန်း၊ ဦးခင်မောင်အေး (မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဗဟို အလုပ်အမှုဆောင်နှင့် ဝိန့်စိန်ရွှေဆိုင်)က ငွေကျပ် ၁၀ သိန်း၊ ဦးမောင်ကိန်း (မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်း ဗဟိုအလုပ်အမှုဆောင်နှင့် မောင်ကိန်းရွှေဆိုင်)က ငွေကျပ် ငါးသိန်း၊ ဦးအောင်နှင့်ဇနီး ဒေါ်လှလှဝေ (ဘောဘီခင်၊ ပိုင်၊ အိ၊ ဝိုင်း)ဂရိတ်စိန်တိုက်က ငွေကျပ်ငါးသိန်း၊ မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူးကြီးသိန်းဦးနှင့် ဇနီး ဒေါ်သင်းသင်းနွယ် မိသားစုက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(အပေါ်ယာပုံ)**

တက်ရောက်

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ရောက်ရှိကြပြီး အမြွှာပူးမွေးဖွားသော မိခင်များအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

လက်ခံ

ထို့နောက် မန္တလေးဗဟိုအမျိုးသမီးဆေးရုံဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဆွေဝင်းက အမြွှာပူးကလေးများ မွေးဖွားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက နှစ်မြွှာပူး၊ သုံးမြွှာပူးမွေးဖွားသော မိခင်များအတွက် အလှူငွေကျပ်နှစ်သိန်း လေးသောင်း ထောက်ပံ့ပေးအပ်ရာ အမြွှာပူးကလေးမွေးဖွားသောမိခင်များကိုယ်စား မိခင်တစ်ဦးက လက်ခံယူသည်။

အားပေး

ဆက်လက်၍ မွေးကင်းစလူနာဆောင်အတွင်း သုံးမြွှာပူးမွေးဖွားသော မိခင်နှင့်ကလေးများအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်မြင့်တို့ ဧပြီ ၂ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အောင်သိဒ္ဓိလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ် စည်ပင်)

မိုင်းဖြတ်မြို့ မြို့မဈေး၌ အသားဈေးနှုန်း ဆိုင်းဘုတ်ထူ

မိုင်းဖြတ် မေ ၃

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း အသားဈေးနှုန်းမြင့်တက်မလာရန် သတ်မှတ်ထားသော အသားဈေးနှုန်း ဆိုင်းဘုတ်များကို ဧပြီ ၁၈ရက်က မိုင်းဖြတ်မြို့ မြို့မဈေးအတွင်း အများပြည်သူမြင်သာသော နေရာများတွင် စိုက်ထူရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့ ကေတုမတီ ဘိုးဘွားရိပ်သာတွင် ဆွမ်းပဒေသာပင်စိုက်ထူရန်အတွက် ဧပြီ ၂၅ရက်က တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် ဂါမဏိလမ်း အမှတ်–၉၂နေ ဒေါက်တာ ဦးထွန်းအေး (ကလေးအထူးကု ဆရာဝန်) နှင့် ဇနီး ဒေါ်ချယ်ရီလွင် မိသားစုက ဥက္ကဋ္ဌဦးကိုကိုကြီးထံ ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (၀၃၀)

အရိပ်နေလျက် အခက်မချိုး

မျှစ်ကိုချိုးလည်း ဝါးမျိုးမသတ်

ဝတ်ရည်ကိုစား ပန်းများမခြွေ

စိမ်းနေဦးမည် ဒို့တောမြေ

မြို့နယ်ရဲတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း သမီးငယ်များဘဝ အစဉ်သာယာလှပရေး ပညာပေးဟောပြော

ညောင်လေးပင် မေ ၁၄

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး မိန်းကလေးငယ်များအပေါ် အဓမ္မပြုကျင့်ခံရမှု ပပျောက်ရေးပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၁၀ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိမ်းဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စောစန်းဒိုက သမီးငယ်များဘဝ အစဉ်သာယာလှပစေဖို့အကြောင်းကို လည်းကောင်း **(အောက်ပုံ)၊** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခွဲ စည်းရုံးရေးမှူး အထက(၁) ကျောင်းအုပ်ကြီး ဒေါ်ခင်အုန်းရည်က အမျိုးသမီးများနှင့် ယဉ်ကျေးမှု အကြောင်းကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေးအဖွဲ့ခွဲမှ ဒေါ်ခင်မျိုးသစ်က မြန်မာအမျိုးသမီးများရရှိပြီး အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များအကြောင်းကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(၁၃၄)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက်
၁၉–၅–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အချိတ်အဆက်ကောင်းသော ကွန်ကရစ်ဘလောက်တုံး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (နှလုံးသွေးကြောကျဉ်းရောဂါ ကာကွယ်ပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အပိန်နှင့် အပွဲတို့၏သမိုင်း)

ညနေပိုင်း

၁၆း၁၅ ရာသီခါမီ တေးပန်းချီ
(၁) မြစ်ရေတစ်လှည်း မိုးရေတစ်ပေါက်
(၂) ကျွန်မအသည်းထဲမှာ မိုးတွေရွာ
(၃) တစ်မိုးသစ်လေသောအခါ
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ချစ်ရာရောက်ပါစေ (ခေါင်းကြီး)
(၂) ချစ်တတ်ပါ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အသည်းချင်းဆုံမယ့် ပဲစင်းငုံ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံဆောင်းပါးရေးသားခြင်း အကြောင်း–မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ် တူရိယာအဖွဲ့ (အောင်စေ ကာလပေါ်အဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရင်ထဲမှချစ်နေမယ်
(၂) ချစ်မြဲ လွမ်းဆဲ တမ်းတဆဲပါလေ
(၃) မြစပယ်ငုံ

မိုးစပါးစိုက်ပျိုးရေး စုပေါင်းမျိုးစေ့ချ ပျိုးထောင်ကြက်ဆူပင်များဖြစ်ထွန်းအောင် စိုက်ပျိုးရေးဆွေးနွေး

ကျောက်ပန်းတောင်း မေ ၁၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များသည် ကြက်မောက်တောင်ဆည်ရေသောက်ဒေသရှိ၂၀၀၆–၂၀၀၇ မိုးစပါးစိုက်ပျိုးရေးအတွက် မေ ၆ ရက်က စမ်းပွင့်ကျေးရွာ တောင်သူဦးအောင်မောင်း၏ လယ်ယာမြေတွင် စုပေါင်းမျိုးစေ့ချပျိုးထောင်ပွဲသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ကျိုးချီ စိုက်ကွင်း၌ နွေစပါး(စံပြ)စိုက်ပျိုးထားသော လယ်မြေ ငါးဧကတွင် ဝန်ထမ်းများ ပေါင်းသင်ပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်ခေါင်းကျေးရွာရှိ စပါးစိုက်တောင်သူများ၏ စုပေါင်းမျိုးစေ့ချ မိုးစပါးပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေး အားပေးကြပြီး ကျေးရွာအုပ်စု ကျေးရွာဥက္ကဋ္ဌများနှင့်တွေ့ဆုံကာ မိမိကျေးရွာအတွင်းရှိလယ်ယာမစိုက်သော ကွင်းများတွင် လည်းကောင်း၊ လမ်းဘေးဝဲယာရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းများတွင် လည်းကောင်း ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရန် ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။ **(ဝ၆၁)**

ပုသိမ်မြို့ ကုန်သည်လမ်းနေ ဒေါ်ကျင်တင် (ဖူးမောက်စတိုး)၏ အသက် (၇၅)နှစ်မြောက်မွေးနေ့ အလှူအဖြစ် အမှတ် ၃ နယ်မြေ သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိ စာသင်တိုက်ဝင်းအတွင်း ရှိကရုဏာလူမှုကူညီရေးအသင်းသို့ ဆေးပဒေသာပင်အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစိုင်း၊ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ခတို့က လက်ခံယူစဉ်။ (က–ပ)

သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ သန်လျင်၌ ကျင်းပ

သန်လျင် မေ ၁၅

သန်လျင်မြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို မေ ၁၄ ရက် နံနက် ၈ နာရီက သာသနာ့ဗိမာန် တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာဆရာမများ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၀ သိန်းကို ခရိုင်ပညာရေးမှူး ဦးတင်စောနှင့် တာဝန်ရှိသူများက လည်းကောင်း၊ သန်လျင်မြို့ ဇာတ်ရုံလမ်း မြို့မမြောက်ရပ်ကွက်နေ ဦးမြင့်ဦး- ဒေါ်စန်းလွင် **(အပေါ်ပုံ)** မိသားစုက လှူဒါန်းငွေကျပ် ၁၁ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌဦးတင်ရှိန်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

သန်လျင်မြို့ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ရုံးအဖွဲ့(၁)ကျိုက်ခေါက်ဘုရားလမ်း ဖုန်း-၀၅၆-၂၁၀၀၄၊ ရုံးအဖွဲ့(၂)နီလာမင်းရွှေဆိုင် မြို့မဈေး သန်လျင် ဖုန်း-၀၅၆-၂၁၂၀၁၊ ၀၉၅၀-၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦး ရွှေစည်းခုံဘုရားရင်ပြင်တော် ဗောဓိညောင်ပင် စုပေါင်းညောင်ရေသွန်း

ညောင်ဦး မေ ၁၅

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီးရင်ပြင်တော်ရှိ ဗောဓိညောင်ပင်တွင် ညောင်ဦးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က စုပေါင်းညောင်ရေသွန်းပွဲကို မေ ၁၁ ရက် ညနေပိုင်းက ရွှေစည်းခုံဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇနှင့်ဇနီး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေး၊ အတွင်းရေးမှူး ဗိုလ်မှူးတင်အောင်နှင့်ဇနီး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်စုစုနှင့်အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အမှတ်(၅)နယ်မြေ ၁၂ ရပ်ကွက်မှ ပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာနှင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်သူများက ညောင်ဦးမြို့နယ်အတွင်း သွန်းလောင်းမည့် ညောင်ရေအိုးများဖြင့်လှည့်လည်ကြပြီး ရွှေစည်းခုံစေတီတော်မြတ်ကြီးကို လက်ယာရစ် ပူဇော်ကန်တော့ကာ ဘုရားကြီးရင်ပြင်တော်ရှိ ဗောဓိပင်ကို စည်းကားစွာ ညောင်ရေသွန်းလောင်းပူဇော်ကြပြီး ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ကန်တော့ကြသည်။ **(က-ပ)**

လားရှိုးမြို့ မြို့မဈေးကြီးသန့်ရှင်းရေးဆောင်ရွက်ထားရှိမှုကို ဧပြီ ၂၀ ရက်က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့်အဖွဲ့ဝင်(၂)ရဲမှူးကြီးဝင်းနိုင်တို့ ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိဦးမျိုးနိုင်အောင်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ပေးအပ်လှူဒါန်း

ပေါင်မြို့နယ် မုတ္တမ ရေးစုရပ်နေ (LK ကုန်မျိုးစုံရောင်းဝယ်ရေး) မကြည်ကြည်ဝင်းနှင့် မောင်နှမများက အငြိမ်းစားကျောင်းအုပ် ဦးအောင်မြတ်ကြည်၏ နှစ်(၉၀)ပြည့်မွေးနေ့အထိမ်းအမှတ် ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို မေ ၃ ရက်က မော်လမြိုင်မြို့ပန်းပဲတန်းဦးဇိန ဘုရားလမ်းရှိ ဓီဝိတဒါနသံဃဂိလာနဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးမြင့်မြင့်သန်းက လက်ခံယူစဉ်။ (၃၈၂)

ပင်လုံမြို့၌ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်ပွဲကျင်းပ

ပင်လုံ မေ ၁၄

ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ သောဘိတ(အဂ္ဂမဟာပဏ္ဍိတ)နှင့် အဖွဲ့က ဦးစီး၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင်(၄၈) ကြိမ်မြောက် ရှမ်းပြည် နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲတော်ကို မေ ၅ ရက်မှ ၉ ရက် အထိမင်္ဂလာမွေတော်ကျောင်းတိုက်နှင့် ရှမ်းပိဋကတ်ဘာသာပြန်ကျောင်းတိုက်၌ ကျင်းပရာ ရှမ်းပြည်နယ်မှ ရေးဖြေရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ၉၀၃ ပါးနှင့် အာဂုံပြန် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ၆၂၀ ပါးတို့ ဖြေဆိုကြသည်။

ဆုများပေးအပ်

ဆက်လက်၍ စာအောင်သည့်ရေးဖြေ ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ၆၆၄ ပါးနှင့် အာဂုံပြန် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် ၅၉၇ ပါးတို့ကို မေ ၁၁ ရက်က အောင်လက်မှတ်နှင့် ဆုများဆက်ကပ်သည်။ ထို့နောက် တက်ရောက်လာသည့် ဒါယကာ ဒါယိကာမများက ရတနာမြတ်သုံးပါးအား ကန်တော့၍ စာပြန်ပွဲတော်ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ သောဘိတ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီးလခံယူဆောက်တည်ပြီး အလှူ မင်္ဂလာတရားတော်နာယူ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားတက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်၊ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်နှင့် ပင်လုံမြို့မှ ဌာနဆိုင်ရာများ၊ အမြို့မြို့အနယ်နယ်မှ စေတနာရှင်အလှူရှင်များ အခမ်းအနားတက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှင်းလင်းတင်ပြ

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးကျော်ဦးလမ်း ကတ္တရာ လမ်းပေါက်ဖာထေးမှုကို ဧပြီ ၂၀ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ရေနံချောင်းမြို့၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုစစ်ဆေး

ရေနံချောင်း ဧပြီ ၃၀

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှု ကို ဧပြီ ၉ရက်က မကွေးတိုင်းစည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောက်ရွက်သော ခွာညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ၂၀ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်မြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အဆောက်အအုံအကြီးစားပြင်ဆင်ရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဌာနချုပ်အဆောက်အအုံ အကြီးစားပြင်ဆင်ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသော အဆောက်အအုံအင်ဂျင်နီယာအဖွဲ့များမှ ဆက်သွယ်နိုင်ပါသည်။

(၁) ပြင်ဆင်ရန် လိုအပ်ချက်များ ပဏာမစစ်ဆေးရန်(Preliminary Survey)
(၂) စစ်ဆေးတွေ့ရှိချက်ပြုစု၍ အကြံပြုလွှာပြုစုတင်ပြရန်(Report for necessary rennovations.)
(၃) အထက်ပါအကြောင်းအရာ ပြုစုတင်ပြရန်ကြာရှိမည့်အချိန်ဖော်ပြရန်။
(၄) ကျွမ်းကျင်သော Structural Engineer, Civil Engineer, Electrical Engineer များ ပါရှိရမည်။
(၅) English Language ကျွမ်းကျင်ရမည်။
(၆) လိုအပ်သောပုံစံများထုတ်ပေးရန် Draftsman များပါရှိပြီး Autocad ဖြင့် ပုံစံထုတ်ပေးနိုင်ရမည်။

၂၀၀၆ခုနှစ် မေလ ၂၄ရက် ညနေ(၄)နာရီနောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ရန်။

ဆက်သွယ်ရန်လိပ်စာ–
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း
အမှတ်–၄၂ ကမ်းနားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့နိုင်ပါသည်။



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မအေးမိုးထက် ၅/မရန(နိုင်)၀၀၃၁၄၄ သည် အဘိုးအဘွားနှင့် မိဘများကို စိတ်ဆင်းရဲစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀သည် မိဘဆွေမျိုးများနှင့် လုံး၀မသက်ဆိုင်ပါ။

မိခင်–ဒေါ်သန်းစိန်(မုံရွာ)။

ဂျပန်စကားပြောသင်တန်း တက်ရောက်လိုသူများအတွက်

ဂျပန်နိုင်ငံတွင် သွားရောက်လုပ်ကိုင်လိုသူများအတွက် ဆာကူရာ နည်းပညာ ၀န်ဆောင်မှု သမ၀ါယမအသင်းလီမိတက် အောင်ဆန်းကွင်းမြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ သင်ရိုးညွှန်းတမ်းများနှင့်အညီ ဂျပန်စာ၊ စကားပြော(၆)လ သင်တန်းကို ၁၉–၅–၂၀၀၆ရက်တွင် စတင်ဖွင့်လှစ်ပါမည်။ တက်ရောက်လိုသူများ ၁၉–၅–၂၀၀၆ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးသွင်းနိုင်ပါသည်။

တစ်ပတ် ၃ ရက် (သောကြာနေ့) မွန်းလွဲ (၂)နာရီမှ(၅)နာရီအထိ
(စနေ၊ တနင်္ဂနွေ) မွန်းတည့်(၁၂)နာရီမှ(၃)နာရီအထိ။

နယ်မှ သင်တန်းသားများ ဘော်ဒါလက်ခံသည်။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပုသိမ်မြို့ အမှတ်(၆၃) ကွင်းတန်းလမ်းနေ မမေသဇင်ဖူးသည် မိဘများအား ခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

အဖ–ဦးစိုးတင့် BSN / W ၂၂၀၃၁၆
အမိ–ဒေါ်တင်တင်လှ BSN / W ၂၂၀၃၄၂။

အများသိစေရန် အသိပေးကြေညာချက်

ကျောက်တံခါးမြို့နယ် ကျေးရိုးကျေးရွာအုပ်စု၊ ခိုဘာရီရွာနေ ကျွန်ုပ်၏အမှုသည် ဦးကမလာပါတီ ၇/ကတခ(နိုင်)၀၇၆၀၉၅ ၏ညွှန်ကြားချက်အရ အများသိစေရန်ကြေငြာ လိုက်သည်။

ဦးကမလာပါတီ၏ သားဖြစ်သူ မောင်အိဆွာရ်ကျန် ၇/ကတခ (နိုင်) ၀၇၈၄၇၉အား ခလောင်ရွာနေဦးရမ်းပသီ၏ သမီးမမွက်နာကူးမာရီ၇/ကတခ(ယ)၀၀၂၆၂၃ နှင့် ဟိန္ဒူဘာသာဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြားပြီး ကျွန်တော့် အမှုသည်နှင့် အတူနေထိုင်လုပ်ကိုင်ခဲ့ပါသည်။ ၎င်းတို့တွင် သားမောင်ဘီရ်ဘာလ် (၉)နှစ်၊ သမီးမဆူမန်သီ(၇)နှစ်နှင့် သား မောင်နီရ်မာလ်ကူးမား(၅)နှစ်ခွဲ တို့ကို မွေးဖွားခဲ့ပါသည်။ ၎င်းနောက် မောင်အိဆွာရ်ကျန်ကွယ်လွန်သွားခဲ့ပါသည်။ ချွေးမ မမွက်နာကူးမာရီသည် မုဆိုးမဘ၀နှင့် ကျွန်ုပ်အမှုသည်နှင့် အတူနေထိုင်လာခဲ့ပါသည်။ ထိုသို့နေထိုင်လာရာ မမွက်နာကူးမာရီသည် လွန်ခဲ့သော ၂၂–၄–၂၀၀၆ရက်နေ့က သားသမီး(၃)ယောက်ကို ကျွန်ုပ် အမှုသည်ထံ စွန့်ပစ်ပြီး နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထို့နောက် ဟာရီရွာနေ ဦးဟာရီပရာဆပ်၏ သားမောင်စုရေစ်ကူးမားနှင့် လက်ထပ်ထိမ်းမြားပြီး ယခု မြို့ချောင်ကျေးရွာအုပ်စု၊ သဘော်တိုက်ရွာတွင် လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လျက်ရှိပါသည်။

ဟိန္ဒူဘာသာ ဓလေ့ထုံးစံမိတ္တာစာရဥပဒေအရ မမွက်နာကူးမာရီသည် မိမိလင်ယောကျ်ား၏ အမွေစုခံစားခွင့် ဆုံးရှုံးသွားရသကဲ့သို့ သားသမီးများ၏ အုပ်ထိန်းမှုကိုလည်း တောင်းခံမရဆုံးရှုံးနေပါသည်။

သို့ပါသောကြောင့် မမွက်နာကူးမာရီသည် သားသမီးအုပ်ထိန်းခွင့်နှင့် အမွေတောင်းဆိုပိုင်ခွင့်မရှိပါကြောင်းနှင့် အခြားသူတစ်ဦးဦးက ကျွန်ုပ်အမှုသည်အား အတင်းအဓမ္မခြိမ်းခြောက် တောင်းခံလာလျှင် ထိုသူအား ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ **ဦးကမလာပါတီ၏ ညွှန်ကြားချက်အရ–**

ရှရီဂျာဟာရ်လာလ်မဟာသို
ဝိဇ္ဇာဘွဲ့၊ဥပဒေဘွဲ့၊ရ(၁၄၁၂)
တရားရုံးချုပ်ရှေ့နေကြီး
ကျောက်တံခါးမြို့။

အမည်ဖြည့်စွက်ခြင်း

စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်မှ အဖဦးအထွန်းမောင်၏သား မောင်ရန်နိုင်ထွန်းအား ယနေ့မှစ၍ မောင်ရန်နိုင်ထွန်း(ခ)မောင်ကျော်စိုးထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်ရန်နိုင်ထွန်း(ခ)မောင်ကျော်စိုးထွန်း။

အမည်ပြောင်း

ပြင်ဦးလွင်မြို့ အထက(၄) န၀မတန်း(`F`)မှ မခေါင်စေးအား ယနေ့မှစ၍ မဂျာဘူဟု ပြောင်းလဲခေါ်ပါရန်။

မဂျာဘူ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆–ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၀(အမ်)

မြန်မာ့စီးပွားရေးဘဏ် (၀မ်းတွင်း) **နှင့်** ဒေါ်တင်ကြည်
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ်–၃၃၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန်လ ၁၉ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၉ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၀မ်းတွင်းမြို့၊ လျှော်ပင်ရပ်၊ ကွင်းအမှတ်(၁၅၈၀)၊ ဦးပိုင်(၄၉) မြေကွက်အမှတ် (၁၉၄/၂၈၃)၊ ဧရိယာ ၀ဒသမ၄၄ ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ အုတ်ကာ(၁)ထပ်တိုက်၊ သွပ်မိုး၊ ထရံကာ၊ ရက်ကန်းစက်ရုံ၊ သွပ်မိုး၊ ထရံကာ စက်ရက်ကန်းရုံ၊ အုတ်ရေကန်(၃)လုံး။

လေလံကြိမ်းခင်းဈေး–ကျပ်သိန်း(၁၀၀)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်မှတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင်မှားယွင်းခြင်း မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာ၀န်ခံမည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ခြံအမှတ် ၉၃၂ အောက်မင်္ဂလာဒုံလမ်း အင်းစိန်မြို့နယ်နေ သမီးဒေါ်အေးအေးစိုး(လ/ထညွှန်ကြားရေးမှူး DEPT)၊ ဦးအုန်းသန်း–ဒေါ်လှလှစိုး(ရတနာပုံရွှေဆိုင်)၊ မြေး မသန်းသဇင်စိုး(အလက–၁၊ လှိုင်)၊ မမေဇာနည်စိုး မိသားစုက ကျေးဇူးရှင် မိခင်ကြီး ဒေါ်စန်းရီအားရည်စူး၍ မဟာမြိုင် ပရိယတ္တိစာသင်တိုက် ဆွမ်းစားကျောင်း ဆောင်ဆောက်လုပ်ရန်နှင့် ရေအေးစက်၊ ရေခဲသေတ္တာ ရေပိုက် ဆက်သွယ်ရန် အလှူတော် ငွေကျပ် ၁၀၀၀၀၀၀ ဆက်ကပ် လှူဒါန်းရာ ဆရာတော် ဘဒ္ဒန္တ သူရိယက ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က–ပ)

အမှတ် ၆၁ ဟံသာ၀တီ ၂၂လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပ သဘာ၀မုန့်ဟင်းခါးလုပ်ငန်းမိသားစုက မတင်တင်စိန်အား ရည်စူး၍ (၈)နှစ်ပြည့် အလှူကို မေ ၇ရက်က မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌဦးကျော်နှင့်အဖွဲ့က လက်ခံယူစဉ်။ (က–ပ)

ပညာရေး၀န်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၂–၅–၂၀၀၆ (တနင်္လာနေ့)
- ❑ မြွေအကြောင်း သိကောင်းစရာ
  - သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူများ၊ ၀ါသနာရှင်များ
- ❑ ရေနံချောင်းမြို့ ကျောက်စာရုံဘုရား ကျောက်စာချပ်များ
  - သမိုင်း ကျောင်းသား၊ ကျောင်းသူများ

၂၃–၅–၂၀၀၆ (အင်္ဂါနေ့)
- ❑ The Legal Forms of Business Ownership
  - ပထမနှစ်စီးပွားစီမံ၊ စီးပွားရေးပညာအထူးပြု
- ❑ မင်းတုန်းမင်းခေတ် သာသနာရေး (The Religious Policy of Mindon)
  - တတိယနှစ် သမိုင်းအထူးပြု
- Jurisprudence And Legal Theories
  - ပထမနှစ် ဥပဒေပညာအထူးပြုကျောင်းသား၊ကျောင်းသူများ

၂၄–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)
- ❑ “အဲချင်းကဗျာစုလာ ညည်းချင်း”ကဗျာစုမှ မြန်မာ့သဘာ၀အလှများ
  - ပထမနှစ် မြန်မာစာအထူးပြု
- ❑ “ဘာသာဆောင်းပါးများ ပို့ချချက်”
  - ပထမနှစ် မြန်မာစာအထူးပြု
- ❑ Small Signal Bipolar Amplifier
  - တတိယနှစ် ရူပဗေဒအထူးပြု

၂၅–၅–၂၀၀၆ (ကြာသပတေးနေ့)
- ❑ Linear Transformation
  - တတိယနှစ် သင်္ချာအထူးပြု
- ❑ Advanced Logic
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု
- ❑ The Shell Model
  - တတိယနှစ် ရူပဗေဒအထူးပြု

၂၆–၅–၂၀၀၆ (သောကြာနေ့)
- ❑ Homeostasis
  - ပထမနှစ် သတ္တဗေဒအထူးပြုများ
- ❑ Aquatic Biome
  - ဒုတိယနှစ် သတ္တဗေဒအထူးပြုများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၂၇–၅–၂၀၀၆ (စနေနေ့)
- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၈–၅–၂၀၀၆ (တနင်္ဂနွေနေ့)
- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ပင်းတယမြို့၌ ကျင်းပ

ပင်းတယ မေ ၄

တောင်ကြီးခရိုင် ပင်းတယမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင် သန်ဖွံ့ဖြိုးရေးအတွက်အလုပ်ရုံဆွေးနွေးပွဲများကို ဧပြီ၂၉ရက်က ကျောက်စုကျေးရွာအုပ်စု ကိုးလုံးကျေးရွာအားမာန်သစ် စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုတွင်းရှိ ကျေးရွာများမှ စာကြည့်တိုက် ကော်မတီ၀င်များ၊ စာပေ၀ါသနာရှင်များအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်က စာကြည့်တိုက်များ ရှင်သန် ဖွံ့ဖြိုးရေးများဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသောစာပေ၀ါသနာရှင်များနှင့် သိမ်ကုန်းကျေးရွာ ပညာဗိမာန် စာကြည့်တိုက်နာယကက မဂ္ဂဇင်းမျိုးစုံအုပ် ၄၀ နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေ ဦးစီးဌာနမှ သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၅၀ကို ကိုးလုံးကျေးရွာ အားမာန်သစ်စာကြည့်တိုက်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်လှစ် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၇

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ၁၁ရက် နံနက်ပိုင်းက မုံရွာမြို့၌ ကျင်းပသည့် စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အစီအစဉ်အရ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်ရှိန်က အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို တိုင်းမှူးထံသို့လည်းကောင်း၊ တာဝန်ယူဆောက်လုပ်ခဲ့သည့် အေရှပိုက်တက်ကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၂ ❒

"သွေးလှူတဲ့သူဟာ ကျန်းမာရေးကောင်းရမယ်၊ ကိုယ်လှူတဲ့သွေးဟာ လူနာကို အန္တရာယ်မဖြစ်စေသင့်ဘူး" အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်။

ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

လူတို့အသက်ရှင်ရပ်တည်နိုင်ရေး သွေးသည်အဓိကလိုအပ် သွေးလိုအပ်၍ သေခြင်းတရားကို ရင်ဆိုင်နေရသော ဝေဒနာရှင်များအတွက် သန့်ရှင်းသော သွေးလှူဒါန်းခြင်းဖြင့် လူ့အသက်ကယ်တင်ပါ

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၇

သွေးသည်အသက်ဟု တင်စားခေါ်ဝေါ်ထားကြသည်။ နှစ်ပေါင်းများစွာကတည်းကပင် အသက်ရှင်မှုအတွက် သွေးသည် အရေးကြီးဆုံး လိုအပ်ချက်တစ်ခုအဖြစ် တည်ရှိနေခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ နောင်နှစ်ပေါင်းများစွာ၌လည်း လူတို့အသက်ရှင်ရပ်တည်ရေးအတွက် သွေးသည် အဓိကလိုအပ်နေဆဲဖြစ်နေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်း

နှလုံးသားမြင့်မြတ်သူတိုင်း သွေးလှူကြသည်ဟုဆို၏။ ထိုသို့ သွေးလှူဒါန်းမှုနှင့်ပတ်သက်၍ ပြည်သူတို့ သိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အမျိုးသားသွေးဌာန တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာသီတာအောင်အား မေ ၁၇ ရက်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ သွေးလှူဒါန်းမည့်သူများအနေဖြင့် ဤသို့ စနစ်တကျ မှတ်ပုံတင်စာရင်းပေးသွင်းကြရသည်။ ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) အသစ်တည်ဆောက်ပြီးသော ကုန်တွဲလမ်းကူးစက်ဖွင့်

မြစ်ငယ် မေ ၁၇

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ စက်ရုံလုပ်သားကြီးများကိုယ်တိုင် အသစ်တီထွင်ဆောက်လုပ်ပြီးစီးသော ကုန်တွဲလမ်းကူးစက် စတင်အသုံးပြုခြင်း ဖွင့်ပွဲအခမ်းအနား ကို မေ၁၂ရက် နံနက် ၈နာရီက အဆိုပါစက်ရုံလမ်းကူးစက် တည်ရှိရာတွင် ကျင်းပသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ အထွေထွေမန်နေဂျာ ဦးထွန်းဦးက လုပ်ငန်းထိရောက်တွင်ကျယ်မှုအတွက် ကုန်တွဲလမ်းကူးစက် အသစ်တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကုန်တွဲစက်ရုံဝန်ထမ်းတစ်ဦးဖြစ်သူ ဦးခင်ရွှေက လမ်းကူးစက်အသစ်ကို စက်ရုံက ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်ပေးခဲ့၍ အသုံးပြုရခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် လမ်းကူးစက်တည်ဆောက်ရာတွင် အစအဆုံးတာဝန်ယူ ဦးစီးဆောင်ရွက်ခဲ့သည့် ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်အား အထွေထွေမန်နေဂျာ

စာမျက်နှာ ၉ ကော်လံ ၁ ✡

ပစိဖိတ်သမုဒ္ဒရာဝန်းကျင်နိုင်ငံများ ဆူနာမီသတိပေးမှု စတင်စမ်းသပ်

ဟာဝိုင်ယီ မေ ၁၆

ပစိဖိတ်သမုဒ္ဒရာဝန်းကျင်တွင်ရှိသော နိုင်ငံပေါင်း ၃၀ကျော်တို့၌ ယခုအခါ ဆူနာမီကြိုတင် သတိပေးမှုစနစ်တစ်ရပ်ကို စတင်စမ်းသပ်နေပြီ ဖြစ်သည်။ ၎င်းစနစ်သည် ဆူနာမီဖြစ်ပေါ်နိုင်မှုကို အနီးစပ်ဆုံးသတင်းထုတ်ပြန်ပေးနိုင်မည်ဖြစ်ပြီး ကြိုတင်သတိပေးနိုင်မည်ဖြစ်သည်။

မှတ်တမ်းဖြင့် ဖော်ပြနိုင်

ယခုအခါ ဟာဝိုင်ယီကျွန်းရှိ ဆူနာမီကြိုတင်သတိပေးမှုဌာနတွင် ဆူနာမီဆိုင်ရာကျွမ်းကျင်သူများက စတင်စမ်းသပ်နေကြပြီဖြစ်သည်။ ချီလီကမ်းရိုးတန်းအနီး ရစ်ချ်တာစကေး ၉ ဒသမ ၂ ရှိသော မြေငလျင်ကြီးလှုပ်စဉ် ပစိဖိတ်အရှေ့ပိုင်းတစ်လျှောက် ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ပုံကို မှတ်တမ်းဖြင့် ဖော်ပြနိုင်ပြီဖြစ်သည်။

ဆူနာမီကြိုတင်သတိပေးမှုစနစ်တွင် အီးမေးလ်၊ ဖက်စ်နှင့် ရာသီဥတုဆိုင်ရာ ဝန်ဆောင်မှုများကို အသုံးပြုကာ လက်ခံရယူရေးအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရများက မည်သို့ဆောင်ရွက်ရမည်ကိုလည်း သတင်းပေးပို့ပေးမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳